# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မွန်ရိုးရာရက်ကန်းအထည်များကို ယခုအခါ ဝယ်ယူသူများလာသဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခုတွင် တိုးမြှင့်ထည့်သွင်းဆောင်ရွက်လာ

မုဒုံ မတ် ၂

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သောပြည်နယ်တစ်ခုဖြစ်ရာ မွန်လူမျိုးတို့၏ အထွတ်အမြတ်ထား ဝတ်ဆင်ကြသည့် ရိုးရာဝတ်စုံကို ရာသီမရွေး လူမျိုးမရွေး ဝတ်ဆင်နိုင်သဖြင့် ယခုအခါ နိုင်ငံအတွင်း ပြည်သူများ ဝယ်ယူဝတ်ဆင်လူကြိုက်များလာကာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချလျက်ရှိသည်။

မွန်ရိုးရာ ရက်ကန်းအထည်များကို ရက်လုပ်သည့်အခါတွင် ရက်ကန်းစင်ကြီးဖြင့် ရက်လုပ်ရပြီး အကွက်များဖော်၍ ခတ်ရကြောင်း၊ ချည်သုံးထုပ် စင်ပေါ်တင်၍ ခတ်မည်ဆိုပါက အထည် ၄၀ ခန့်ရရှိကြောင်း၊ မွန်ရိုးရာလက်ရက်ကန်းကို ဘေးဆွဲပုံ၊ နှပ်ထိုးပုံများက အများအားဖြင့် ရက်ကန်းရက်လုပ်ရာတွင် တူညီပါကြောင်းနှင့် ရက်လုပ်ရာတွင် တစ်နေ့လျှင် လုံချည်သုံးကွင်း၊ ထဘီရက်လုပ်ပါက နှစ်ကွင်းရရှိကြောင်း မုဒုံမြို့နယ် နိုင်လုံ့ကျေးရွာမှ မွန်ရိုးရာရက်ကန်းလုပ်ကိုင်သူ ဒေါ်ချိုချိုမြင့်က ပြောသည်။

မွန်ရိုးရာအထည်များ ရက်လုပ်ပြီး ထွက်ရှိလာသည့် အထည်များကို မြို့နယ်အတွင်းရှိ မွန်ရိုးရာ အထည်အရောင်းဆိုင်များသို့ ဆိုင်တင်ရောင်းချရကာ ဆိုင်များမှတစ်ဆင့်

စာမျက်နှာ ၃ ကော်လံ ၁ ◆

## ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသော မိုးစပါး ဧက ၃၇ သိန်းခွဲကျော် ရိတ်သိမ်းပြီးစီးနေ

ပုသိမ် မတ် ၂

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၃၇၅၇၈၁၅ ဧက စိုက်ပျိုးခဲ့သည့်အနက် ယခုအခါ ဧက ၃၇၅၇၃၀၀ ကို ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၂ ကော်လံ ၃ ✻



### ယနေ့ ဖတ်စရာ

#### ဖွဲနုဆီထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေမည်

ဆောင်းပါး | စာ ၁၂



#### တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေး

ဆောင်းပါး | စာ ၁၆

#### တောင်ရိုးတိုင်းရင်းသားတွေ ဆုံစည်းရာ တောင်ရိုး အမျိုးသားနေ့ပွဲတော်ဆီ သွားလည်ကြမယ်

ရွှေနိုင်ငံ မြင်ကွင်းကျယ် | စာ ၁၈



## နေ့အပူချိန်မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များသတိပြု

နွေကာလသို့ ကူးပြောင်းရောက်ရှိလာသည်နှင့်အမျှ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာနေသည့် အပူချိန်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များကို သတိပြုကြရန်လိုသည်။ မြန်မာနိုင်ငံအရပ်ရပ်တွင် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာနက သတိပေးထုတ်ပြန်ထားသည်။ အချိန်တိုအတွင်း ဖြစ်ပေါ်လာနိုင်သော အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့် ကျေးလက်ဒေသများတွင် နေထိုင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်တွင်းရေကြောင်း၊ လေကြောင်းသွားလာမှုများတွင် ဘေးအန္တရာယ်ကျရောက်နိုင်သည်ကို သတိရှိကြရမည်ဖြစ်သည်။

နွေကာလ နေအပူရှိန်ကြောင့် နေ့ဘက်တွင် အပူချိန်များမြင့်တက်လာရာတွင် ပူနွေးသည့်လေများက အထက်သို့ ပျံ့တက်ပြီး ငွေ့ရည်ဖွဲ့ကာ မိုးတိမ်တောင်များ ဖြစ်ပေါ်လာသည်။ မိုးတိမ်တောင်များ အားကောင်းလာပါက မိုးကြိုးတိမ်တိုက်များ ဖြစ်ပေါ်လာနိုင်သည်။ မိုးကြိုးတိမ်တိုက်များကြောင့် လေပြင်းတိုက်ခြင်း၊ မိုးကြိုး ပစ်ခြင်း၊ မိုးရွာခြင်းတို့ကို ဖြစ်စေနိုင်သည်။ မိုးတိမ်တောင်များသည် တစ်နေကုန် နေပူပြီးနောက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင်သာ အဖြစ်များခြင်းကြောင့် ယင်းအချိန်တွင် လေပြင်းတိုက်ခတ်မှု၊ မိုးကြိုးပစ်မှုနှင့် မိုးရွာသွန်းမှုတို့ကို သတိပြုကြရမည်ဖြစ်သည်။ မိုးတိမ်တောင်များကြောင့် ဖြစ်ပေါ်လာသည့် လေပြင်းတိုက်ခတ်မှုသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည့်အတွက် အိမ်ခေါင်မိုးများ လွင့်ပါနိုင်သကဲ့သို့ လေကြောင်းကျရာအရပ်ရှိ ခိုင်ခံ့မှုအားနည်းသည့် အိမ်ငယ်များ ပြိုပျက်နိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်သည်။

မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ လျှပ်စီးလက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့လည်း ဖြစ်ပေါ်နိုင်ရာ နှစ်စဉ် မိုးကြိုးအန္တရာယ်ကြောင့် လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သေကျေဒဏ်ရာရရှိမှုတို့ ဖြစ်ပေါ်ခဲ့သည်ကို သတိပြုကြရန်လိုသည်။ မိုးကြိုးပစ်ခြင်းသည် တိမ်တိုက်တစ်ခုနှင့်တစ်ခုအကြား၊ မိုးတိမ်နှင့် မြေပြင်တို့အကြားတွင် ဖြစ်ပေါ်ခြင်းဖြစ်သည်။ မိုးတိမ်တောင်များ ရွေ့လျားရာတွင် တိမ်တိုက်၏အောက်ခြေ၌ လျှပ်စစ်အမဓာတ်များ ဖြစ်ပေါ်နေပြီး မြေပြင်၌လည်း လျှပ်စစ်အဖိုဓာတ်များ တစ်ပြိုင်တည်း စုဝေးဖြစ်ပေါ်လာကာ လိုက်ပါရွေ့လျားရင်း အပြန်အလှန် ဆွဲဆောင်ကြရာမှ နီးကပ်စွာစုဝေးမိချိန်တွင် မိုးကြိုးပစ်ခြင်း ဖြစ်ပေါ်လာသည်။ ကွင်းပြင်များ၊ သောင်ပြင်များတွင် ရှိနေသည့် လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၊ သစ်ပင်၊ လယ်တဲ စသည်တို့ကို မိုးကြိုးပစ်ခံရခြင်းမှာ ပတ်ဝန်းကျင်ထက် ပိုမို၍ မြင့်သည့်နေရာများတွင် လျှပ်စစ်ဓာတ်မနှင့်ဓာတ်ဖိုတို့ စုဝေးပေါင်းဆုံကြခြင်းကြောင့်ဖြစ်ရာ မိုးတိမ်တောင်များ ရွေ့လျားလာပါက လယ်ကွင်းများ၊ လွင်ပြင်များတွင် ရှိမနေသင့်ဘဲ လုံခြုံရာနေရာ၌ ခိုလှုံနေကြရမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ပြောင်းလဲလာမှုတို့ကြောင့် မိုးလေဝသဖြစ်စဉ်တို့မှာလည်း ပြောင်းလဲလာသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှု ပိုမိုများပြားလာခြင်း၊ အဖျက်စွမ်းအား ကြီးမားပြင်းထန်လာခြင်းတို့ကြောင့် အချိန်နှင့်အမျှ ပြောင်းလဲနေသည့် မိုးလေဝသအခြေအနေများကို မျက်ခြည်မပြတ်သိရှိနေရန်၊ သတိပေးထုတ်လွှင့်မှုများကို နားလည်နေရန်နှင့် မိမိတို့အပေါ် အချိန်အခါအလိုက် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရှောင်ရှားနိုင်ရန် ဘေးအန္တရာယ်လျော့ပါးသက်သာအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် သတိဝီရိယ၊ ဉာဏ်ပညာ၊ ဗဟုသုတတို့ ပေါင်းစပ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။




### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

*❊ ရှေ့ဖုံးမှ*

တိုင်းဒေသကြီးအတွင်း မိုးစပါးများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလလယ်ခန့်မှ စတင်ရိတ်သိမ်းခဲ့ရာ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှ ၈၂ ဒသမ ၂၄ တင်း ထွက်ရှိပြီး ယခုအခါ နွေစပါးများစိုက်ပျိုးရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးကို ခရိုင်အလိုက်စိုက်ပျိုးမှုမှာ ပုသိမ်ခရိုင်တွင် ၅၀၇၈၄၃ ဧက၊ ကျုံပျော်ခရိုင်တွင် ၃၃၅၃၄၅ ဧက၊ ဟသ်ာတခရိုင်တွင် ၂၃၅၆၈၅ ဧက၊ မြန်အောင်ခရိုင်တွင် ၂၇၈၆၂၁ ဧက၊ မြောင်းမြခရိုင်တွင် ၅၂၁၉၆၄ ဧက၊ မအူပင်ခရိုင်တွင် ၃၉၂၀၅၂ ဧက၊ ဖျာပုံခရိုင်တွင် ၈၇၈၃၂၅ ဧက၊ လပွတ္တာခရိုင်တွင် ဧက ၅၈၉၉၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရိတ်သိမ်းပြီးစီးသည့် စပါးများကို ရာနှုန်းပြည့်ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ရွှေခရုအန္တရာယ်ကာကွယ်ရေး၊ စပါးဖျက်ပိုးများ စပါးခင်းအတွင်း မကျရောက်စေရေး၊ ရာသီဥတုရေမြေနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ ရွေးချယ်ရေး၊ ထွက်ရှိလာသောစပါးများ အရည်အသွေးပြည့်ဝစေရေး စသည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနများက တောင်သူများအား ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

မောင်မောင်မြင့် (ရေနံ့သာမြေ)

## ပခုက္ကူတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ဘွဲ့ရမောင်မယ် ၆၇၀၀၀ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်

ပခုက္ကူ မတ် ၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ အထူးပြုဘာသာရပ်များအလိုက် နေ့သင်တန်းနှင့်အဝေး သင်သင်တန်းစာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘွဲ့ရမောင်မယ်ပေါင်း ၆၇၀၀၀ ကျော်တို့ကို ပညာသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူတက္ကသိုလ်အနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်ပါဝင်ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများပေါ်ထွက်လာစေရန် ဘွဲ့ရလူငယ်မောင်မယ်များကို နှစ်စဉ်ပညာသင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ လက်ရှိပညာသင်နှစ်အထိ အထူးပြုဘာသာရပ်များအလိုက် နေ့သင်တန်းစာမေးပွဲများ၌ ဖြေဆိုအောင်မြင်ကြသည့် ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၁၆၅၄၂ဦး၊ ဝိဇ္ဇာနှင့်သိပ္ပံဂုဏ်ထူးဘွဲ့ရ ၂၂၂၆ ဦး၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့ရ ၂၁၂၈ ဦး၊ မဟာသုတေသနဘွဲ့ရ ၁၂၈ ဦး၊ အဝေးသင် သင်တန်းစာမေးပွဲ များ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၄၀၆၇၅ ဦး၊ ဥပဒေပညာဘွဲ့ရ ၁၁၆၅ ဦး၊ စီးပွားရေးပညာပေါင်းစပ်ဘွဲ့ရ ၄၃၆၄ဦး၊ စုစုပေါင်း ဘွဲ့ရမောင်မယ် ၆၇၂၂၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် အဝေးသင်သင်တန်း(ဒုတိယအကြိမ်) ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ကျင်းပခဲ့ရာ နေ့သင်တန်းဘွဲ့ရမောင်မယ် ၁၆၅ ဦးနှင့် အဝေးသင် သင်တန်းဘွဲ့ရမောင်မယ် ၁၁၂ ဦး တို့ကို ဘွဲ့များအသီးသီးအပ်နှင်းခဲ့ပြီးဖြစ်ကြောင်း ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်ထံမှ သိရသည်။



ဘာမီသာ(ပခုက္ကူ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကန်ကြီးထောင့်မြို့၌ ကျင်းပသည့် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်





ပုသိမ် မတ် ၂

**(၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်သည်။**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်သူလယ်သမားနေ့အခမ်းအနား မုခ်ဦးဆိုင်းဘုတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ် အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ပညာအလင်္ကာ တေးဂီတအဖွဲ့၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မိုးစပါး၊ နွေစပါး၊ နေကြာ၊ မြေပဲသီးနှံစိုက် ထူးချွန်တောင်သူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လည်းကောင်း၊ မိုးနှမ်း၊ မတ်ပဲ၊ ပဲတီစိမ်းစိုက် ထူးချွန်တောင်သူများနှင့် နေကြာ ၁၀ ဧက မြို့နယ်ထူးချွန်ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ ပီလောပီနံ၊ ရော်ဘာ၊ စပါးမျိုးစေ့ထုတ် ထူးချွန်တောင်သူများနှင့် အသားတိုးဝက် မွေးမြူထုတ်လုပ်မှု ဆုရရှိသူများကို တိုင်းမှူးက လည်းကောင်း၊ ပျားလိမ္မော်၊ သီဟိုဠ်သီးနှံစိုက် ထူးချွန်တောင်သူများနှင့် ဥစားဘဲမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသူများကို ဒုတိယဝန်ကြီးက လည်းကောင်း၊ နေကြာသီးညှပ်၊ ကွဲကောသီးနှံ၊ ဒေသနွားမွေးမြူထုတ်လုပ်မှု၊ ကော်ဖီ၊ ငှက်ပျော၊ မင်းဂွတ်၊ ဆေးရွက်ကြီး၊ စပါးသီးနှံ(ပေါ်ဆန်းဘေကြား-သဘာဝမြေဩဇာသုံး)၊ ငရုတ်ကောင်း၊ နာနတ်၊ နို့စားနွားမွေးမြူထုတ်လုပ်မှု၊ ကွမ်းသီး၊ ဟင်းသီးဟင်းရွက်၊ ကဏန်းပျော့မွေးမြူထုတ်လုပ်မှုနှင့် အုန်းချိုမွေးသီးနှံစိုက် ထူးချွန်တောင်သူများကို တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်သူများနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ပညာအလင်္ကာ တေးဂီတအဖွဲ့၏ တောင်သူလယ်သမားနေ့ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ဆယ်တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများတွင် ဌာနဆိုင်ရာပြခန်းများ၊ ခရိုင်အလိုက်ပြခန်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာပြခန်းများ၊ သွင်းအားစုလုပ်ငန်းပြခန်းများ၊ မျိုးစေ့ထုတ်ကုန်ပြခန်းများ၊ ငါးထုတ်ကုန်ပြခန်းများ၊ အုန်းအခြေခံထုတ်ကုန်ပြခန်းများ၊ အစာတောင့်ထုတ်ကုန်ပြခန်းများဖြင့် ပြခန်းပေါင်း ၃၉ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို မတ် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဆုရတောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးကြပြီး စပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူ ဦးတင်အောင်သန်းက စပါးစိုက်ပျိုးရေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ထို့နောက် မြေပဲစိုက်တောင်သူ၊ နေကြာစိုက်တောင်သူ၊ မွေးမြူရေးတောင်သူ၊စပါး-ပဲ-နေကြာ/စပါး-ပဲ - နှမ်း သုံးသီးစိုက်ပျိုးသည့်တောင်သူနှင့် နေကြာစံပြစိုက်ခင်း ၁၀ ဧက အကောင်းဆုံးဆုရရှိသည့် သာပေါင်းမြို့နယ်တို့မှ စိုက်ပျိုးရေးလုပ်ငန်း အတွေ့အကြုံရှင်းလင်းဆွေးနွေးမှုများအပေါ် တက်ရောက်လာသည့် ဧည့်သည်တော်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သဲဖြူကျေးရွာအုပ်စု သန်လျက်စွန်းကျေးရွာရှိ လယ်မြေ ၁၀ ဧကပေါ်တွင် စိုက်ပျိုးထားရှိသည့် စံပြဆောင်းနေကြာ (SuperSun-41) စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးပြီး နေကြာစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများအား တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်ပါဆောင်ရွက်စေရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စေရေး၊ ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေး၊ နေကြာပွင့်အရွယ်အစားများ စနစ်တကျမှတ်တမ်းထားရှိဆောင်ရွက်စေရေးနှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

◆ *ရှေ့ဖုံးမှ*

ပြည်တွင်းဝယ်ယူသူများအပြင် ထိုင်း၊ စင်ကာပူ၊ မလေး၊ ကိုရီးယား၊ ဂျပန်နိုင်ငံများ၌ နေထိုင်သည့် မွန်တိုင်းရင်းသားများမှ အများဆုံးမှာယူကြ၍ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချပေးလျက်ရှိသောကြောင့် မွန်ရိုးရာအထည်များ ရောင်းအားကောင်းလာကြောင်း လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

မွန်ရိုးရာ လက်ရက်ကန်းအထည်များ လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ ဈေးကွက်ပိုမိုရရှိလာစေရန်၊ ရက်ကန်းရက်လုပ်ရောင်းချသူများ အဆင်ပြေစေရန်နှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Reagion One Product) တွင် တိုးမြှင့်ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

---

## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ဥပဒေအရာရှိများ အကျင့်သိက္ခာနှင့် ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားကိုးရသော ဥပဒေအရာရှိကောင်းများဖြစ်စေရေးအတွက် ကျင့်ဝတ်စောင့်ထိန်းလိုက်နာကြရန် အထူးအရေးကြီး

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဌာနတွင်းရှိ ဝန်ထမ်းများ၏ အခက်အခဲပြဿနာများကို တတ်နိုင်သမျှ သိရှိဖြေရှင်းပေးရေး ကြိုးစားဆောင်ရွက်ကြရန်၊ လုံခြုံရေးသတိအမြဲရှိကြရန်၊ အစိုးရလျှို့ဝှက်စာများ မပေါက်ကြားစေရေး၊ ထက်အောက် ရင်းနှီးချစ်ခင်စွာ ဆက်ဆံရေးတို့ကို အလေးဂရုပြု ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနကို အဘက်ဘက်က တိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာဥပဒေရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**လိုက်နာဆောင်ရွက်**

ဥပဒေရုံးများ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ ညွှန်ကြားချက် (၁/၉၀)ကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိရာ မကြာမီ ညွှန်ကြားချက် ထုတ်ပြန်ဖြန့်ဝေမည်ဖြစ်ပြီး ဥပဒေရုံးများ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သည့်အခါ ညွှန်ကြားချက်အသစ်နှင့် အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနမှ အခမဲ့ ဝန်ဆောင်မှုပေးလျက်ရှိသော MLIS ကို ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် စတင်ထုတ်လွှင့်ခဲ့ရာ မေလပိုင်းတွင် ငါးနှစ်တာကာလ ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ MLIS တွင် တိုင်းဒေသကြီး၊ ပြည်နယ်များက ပြဋ္ဌာန်းသော ဥပဒေများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေများ ပေးပို့ကြရန် လိုအပ်ပါကြောင်း။

**ကျင့်ဝတ်စောင့်ထိန်း**

ဥပဒေရေးရာ ဝန်ကြီးဌာန မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)ကို "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ဟူသည့် ဆောင်ပုဒ်ချမှတ်ပြီး ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် စီမံကိန်းကာလ နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခုမဟာဗျူဟာ စီမံကိန်းပြီးစီးပါက မဟာဗျူဟာ စီမံကိန်းအသစ်ကိုလည်း ငါးနှစ်စီမံကိန်းဖြင့် ၂၀၂၅ မှ ၂၀၂၉ ခုနှစ်အထိ သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ဥပဒေအရာရှိများ အကျင့်သိက္ခာနှင့် ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားကိုးရသော ဥပဒေအရာရှိကောင်းများ ဖြစ်စေရေးအတွက် ကျင့်ဝတ်စောင့်ထိန်း လိုက်နာကြရန် အထူးအရေးကြီးပါကြောင်း။

**ရေးဆွဲဆောင်ရွက်**

ဥပဒေရေးရာ ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ကို ၂၀၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်း၍ CPU ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်း (SOP) ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ CPU အတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် (Terms Of Reference-TOR)ကို ထုတ်ပြန်နိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေရေးရာ ဝန်ကြီးဌာန အနေဖြင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဥပဒေသတင်းအချက်အလက်များကို ဥပဒေပညာစိတ်ပါဝင်စားသူများမှ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ အပတ်စဉ်သတင်းလွှာ (Weekly news)ကို သောကြာနေ့တိုင်း ထုတ်ဝေလျက်ရှိပြီး ဝန်ကြီးဌာန website တွင်လည်း အများပြည်သူဖတ်ရှုနိုင်ရန် လွှင့်တင်ထားပါကြောင်း။

**မူဝါဒများ အလေးထား**

တိုင်းဒေသကြီး / ပြည်နယ် ဥပဒေချုပ်ရုံးများက မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်သည့် ဥပဒေ(မူကြမ်း)များကို စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် အလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တရားစွဲမတင်မီဥပဒေအကြံဉာဏ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို တိကျစွာ ဂရုပြု လိုက်နာဆောင်ရွက်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေရုံးချုပ်များကို အကြောင်းကြားပြီး ဖြစ်ပါကြောင်း၊ ဥပဒေ အသိပညာပြန့်ပွားရေး လုပ်ငန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ဥပဒေရေးရာ ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ဥပဒေချုပ်ရုံးများအနေဖြင့်လည်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်စေလိုပါကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) သို့ သွားရောက်စစ်ဆေးကြည့်ရှု

**နေပြည်တော် မတ် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းများ ပုံမှန်ဖွင့်လှစ်နိုင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စခန်းအတွင်းရှိ ရုံးခန်းအဆောင်၊ သင်တန်းသားအိပ်ဆောင်နှင့် သင်တန်းဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ကာလကြာပြောင်းနွမ်း ဆွေးမြေ့ပြီး အန္တရာယ်ရှိသော အဆောက်အအုံများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖျက်သိမ်းနိုင်ရေး၊ ကျန်ရှိနေသော အဆောက်အအုံနှင့် ဌာနပိုင်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး၊ လိုအပ်သည့်နေရာများသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပေးပို့နိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားသည်။

**ကြပ်မတ်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့)တွင် သုံးဘက်သုံးတန်ကာရံနေသော အုတ်တံတိုင်းနှင့် မြေထိန်းနံရံ ဆောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလတွင် နှစ်စဉ်ကြုံတွေ့နေရသော ချောင်းရေလျှံမှုကြောင့် သိုလှောင်ရုံနှင့် ရုံးအဆောက်အအုံများ အတွင်း ရေဝင်နစ်မြုပ်၍ ကယ်ဆယ်ရေးပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ ပျက်စီးခြင်း၊ ရွှေ့ပြောင်းရခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်နေရသော လုပ်ငန်းများဖြစ်၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) သို့ သွားရောက်ကာ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုပြီး ဘေးသင့်ပြည်သူများ၏ လတ်တလောစားဝတ်နေရေး လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးရန်ထားရှိခြင်းဖြစ်သည့်အတွက် ပစ္စည်းများ ပျက်စီးပျောက်ဆုံး လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သက်တမ်းပြည့် သိုလှောင်ထားရှိသုံးစွဲနိုင်ရေးကို ထုတ်ပြန်ထားရှိသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လက်ဆွဲစာစောင်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ လိုအပ်သည့်နေရာများသို့ ချက်ချင်းဖြန့်ခွဲပေးပို့နိုင်ရေးကို ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

**ပရိတ်တရားတော်များနာယူ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အဆောက်အအုံသစ် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကာ ဝန်ထမ်းများနှင့်အတူ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် မတ် ၂**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နေပြည်တော် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်နေသည့် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ အုပ်စု သပြေချောင်းကျေးရွာ ဆင်သေချောင်းကမ်းပြို ကာကွယ်ရေးလုပ်ငန်း တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** စပါး အပါအဝင် သီးနှံအထွက်နှုန်းများ တိုးတက်ရေးအတွက် မိရိုးဖလာ စိုက်ပျိုးနည်းမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေများ စနစ်တကျသုံးစွဲပြီး ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ ဦးတင်ထွန်းအောင်၏ မွေးမြူရေးခြံတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိမှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တပ်ကုန်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တောင်သူ ဦးတင်ထွန်းအောင်၏ နွေစပါးမျိုးစေ့ထုတ် စံပြစိုက်ကွက် စိုက်ကေ ၁၈ ဧကတွင် စူပါနံ့ကောက်စပါးမျိုး စိုက်ပျိုးထားရှိမှုနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ သုံးအချိုးတစ်ရောစပ်ကြဲပက်မှု၊ မွေးမြူရေးခြံအတွင်း နွားများ မွေးမြူထားရှိမှုများနှင့် EM ဘိုကာရှီမြေဆွေးပုံပြုလုပ်ခြင်းတို့ကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာကျေးရွာ၊ ဒယောက်ကူးကျေးရွာရှိ တောင်သူ ဦးရန်နိုင်စိုး၏ ဆောင်းရာသီ သီးနှံစုံစိုက်စနစ် စိုက်ခင်း ၁၃ ဧကတွင် ခရမ်းချဉ်၊ ခရမ်း၊ ပဲကြီးနှင့် နေကြာသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ ဖွင့်ပွဲအခမ်းအနားများ တက်ရောက် လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂**

Yar Zar Min Industry Co.ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တွတ်ပီကွေ့ (၆၂ လမ်း x ၁၂၀ လမ်း) ရှိ ဓာတ်အားဖြည့်သွင်းရုံရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းမြင့်ထွန်း၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်သည့် ပြည်ကြီးတံခွန်မြို့နယ် တွတ်ပီကွေ့ (၆၂ လမ်း x ၁၂၀ လမ်း)ရှိ (EV Charging Station)သည် တစ်နိုင်ငံလုံးအနေဖြင့် (၁၆)ကြိမ်မြောက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများရှိ (EV Charging Station) များတွင် ကားလေး ၁၀ စီး တစ်ပြိုင်နက် အားသွင်းနိုင်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ (EV Charging Station)များတွင် ကားလေး ၁၀ စီးနှင့် ဘတ်စ်ကားလေးစီး တစ်ပြိုင်တည်း အားသွင်းနိုင်ပြီဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ယခုလို(EV Charging Station)များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိမြို့များတွင်လည်း လျှပ်စစ်ကားများ အသုံးပြုသွားလာနိုင်တော့မည် ဖြစ်ကြောင်း။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် လျှပ်စစ်သုံးယာဉ်များ အားသွင်းနိုင်ရေး မြို့ပြလမ်းကွန်ရက်စနစ်နှင့် ချိတ်ဆက်ပြီး (EV Charging Station) များ အဆင်ပြေကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပြေးဆွဲအသုံးပြုနိုင်ရေး၊ အဓိကလမ်းမကြီးများဖြစ်ကြသည့် ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-ပုသိမ်လမ်း၊ ဘုရားကြီး - သထုံ - မော်လမြိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း - ညောင်ဦးလမ်း၊ မိတ္ထီလာ - တောင်ကြီးလမ်း၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းစသည့် နိုင်ငံ၏အဓိကလမ်းမကြီးများပေါ်တွင်လည်း ပြေးဆွဲနိုင်အောင် (EV Charging Station) များ တည်ဆောက်ရန် လျာထားစီစဉ်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ Yar Zar Min Industry Co.ltd မှ တာဝန်ရှိသူ တစ်ဦးက (EV Charging Station) ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ စည်ပင်သာယာရေး ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဓာတ်အားဖြည့်သွင်းရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** ဒုတိယ ဝန်ကြီးက Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက်တက်ရောက်လာကြသူများသည် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့ အားဖြည့်နေမှုနှင့် စမ်းသပ် မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည့် Myanmar Arr Thit Man Motor Co.ltd မှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး Myanmar Arr Thit Man Motor Co.ltd မှ တာဝန်ရှိသူ တစ်ဦးက (EV Charging Station) ဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက Electric Vehicle Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက်တက်ရောက်လာကြသူများသည် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station)အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့ အားဖြည့်နေမှုနှင့် စမ်းသပ် မောင်းနှင်နေမှုတို့ကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စကားအင်း - အိုးထုတ္တန်းလမ်းပိုင်းပေါ်ရှိ အိုးထုတ္တန်း တိုးလ်ဂိတ် လမ်းအသုံးပြုခကောက်ခံ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဗိဿနိုးရှေးဟောင်းနယ်မြေ၌ ရှင်အပါး ၅၀၀၀ ရှင်ပြုမင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်တွင်းကြီး မတ် ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ရှင်အပါး ၅၀၀၀ ရှင်ပြုမင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင် ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပရေးနှင့်ပတ်သက်၍ မဟာမြိုင်သဲဖြူဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ဩဝါဒခံယူကာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှုအခြေအနေများ၊ ရွှေရောင်တော်ကန် ပြန်လည်တူးဖော်နေသည့် အခြေအနေများ၊ လေးလက်မ စက်ရေတွင်း တူးဖော်နေမှုအခြေအနေများ၊ စင်မြင့်ရေစင်မှ ရွှေရောင်တော်ဘုရားတောင်ဘက်ကန်သို့ ရေပိုက်သွယ်တန်းခြင်းနှင့် စတုံ့အထက်ဆည်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ၊ အလှူပွဲတော်ရက် လျှပ်စစ်မီးပျက်တောက်မှု မရှိစေရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများ၊ မြို့ဟောင်းအဝင်မုခ်ဦးမှ ရွှေရောင်တော်ဘုရားအထိ ၅ ပေအကျယ် လမ်းတိုးချဲ့မည့်အခြေအနေများနှင့် ရှင်ပြုပွဲမှ ပြန်လည်ပင့်ဆောင်လာသည့် ရှင်သာမဏေများအား သီတင်းသုံးနေထိုင်ရန် စာသင်ကျောင်းများတွင် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြလျှောက်ထားရာ မဟာမြိုင်သဲဖြူဆရာတော်ကြီးက လိုအပ်သည်များ မိန့်ကြားပြီး ဗဟိုမဏ္ဍပ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုကြသည်။

တောင်တွင်းကြီးမြို့နယ် ဗိဿနိုးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရွှေရောင်တော်ဘုရားကြီးတွင် ရှင်အပါး ၅၀၀၀ ရှင်ပြုအလှူ မင်္ဂလာပွဲကြီးကို လာမည့် ဧပြီ ၅ ရက်မှ ၇ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တောင်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၂

**ထိုင်းခရီးသွားဧည့်သည်များအနေဖြင့် ပိုမိုသိရှိလာရောက်လည်ပတ်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရယူထားသော Sai Swe ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံရှိ Best International Travel & Agency တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားရိုက်ကူးရေးအဖွဲ့ဝင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲသို့ လာရောက်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ တောင်သူများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။**



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းပြသမှုတို့ကို ဘုရားဖူးအဖွဲ့လိုက် သီးခြားစီ ရှင်းလင်းပြသသည်။

ထို့နောက် ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် တောင်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများ အပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် ဘုရားဖူးတောင်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိ သာသနဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။


ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါတယ် -

ကျွန်မက ဗုဒ္ဓဘာသာကို အဓိက ယုံကြည်ကိုးကွယ်ပါတယ်။ တော်တော်ပီတိဖြစ်ပါတယ်။ ဒီတစ်ခေါက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာဖူးရတဲ့အခါမှာ အလွန်ကို သပ္ပာယ်တဲ့ဘုရားပေါ့နော်။ ဘယ်မှာမှမရှိတဲ့ ဘုရား




ကို ပထမဆုံးလာပြီး ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဗုဒ္ဓဘာသာတွေ အတွက်လည်း ဂုဏ်ယူပါတယ်။ အများပြည်သူတွေကိုလည်း လာရောက်ဖူးမြော်ဖို့ ဖိတ်ကြားချင်ပါတယ်။ လာရောက်တဲ့အချိန်တိုင်းမှာ အလွန်အဆင်ပြေပါတယ်။ လည်ပတ်စရာများ စုံလင်စွာ တွေ့ရပါတယ်။ ထိုင်းလူမျိုးတွေကိုလည်း လာလည်စေချင်ပါတယ်။ လည်ပတ်စရာတွေ၊ စိတ်ဝင်စားစရာတွေ များစွာရှိပါသေးတယ်လို့ ပြောချင်ပါတယ်။ ထိုင်းလူမျိုးတွေအတွက်လည်း လည်ပတ်စရာနေရာသစ်တစ်ခုကို သိစေချင်တယ်။ လည်ပတ်တဲ့နေရာကလည်း အလွန်အရေးကြီးတဲ့ နေရာဖြစ်တယ်။ ဒီမြန်မာနိုင်ငံအတွင်းထဲမှာ အခုဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်လို့ ထိုင်းလူမျိုးတွေကို အများကြီးလာရောက်ဖူးမြော်စေချင်ပါတယ်။ ထိုင်းလူမျိုးအများစုကတော့ ရန်ကုန်၊ ကျိုက်ထီးရိုး၊ မန္တလေး၊ ပုဂံကို သွားတာများပါတယ်။ Best International Company အနေနဲ့လည်း အဲဒီလည်ပတ်စရာ နေရာတွေကို အများကြီး စီစဉ်ထားရှိပါတယ်။ ရန်ကုန်မှာဆိုရင် ရွှေတိဂုံဘုရား၊ သန်လျင်၊ ကျိုက်ထီးရိုး၊ မန္တလေးဘက်မှာဆိုရင် မဟာမြတ်မုနိဘုရားနဲ့ ပုဂံပေါ့နော်။ ပုဂံမှာဆိုရင် စေတီတွေအများကြီးရှိတဲ့ ရှုခင်းတွေပေါ့နော်။ အခု နေပြည်တော်မှာရှိတဲ့ ဉာဏ်တော်အမြင့်ဆုံး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထပ်တိုးခရီးစဉ်အဖြစ်လည်း စီစဉ်ထားရှိပါတယ်။

တီဗွီထဲမှာတော့ ဒီဘုရားကြီးရဲ့ ထုဆစ်ထားတဲ့ပုံတွေ မြင်ဖူးပါတယ်။ ဖူးဖူးပါတယ်။ ခုကတော့ ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး တော့ဖူးရတဲ့အတွက် အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။



ကျွန်တော်တို့ ဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ်ကို ပြုလုပ်ထားတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။

ဆရာတော်တွေရော၊ အဖွဲ့အစည်းတွေအကုန်လုံး စည်စည်ကားကားနဲ့ သိုက်သိုက်မြိုက်မြိုက်၊



ဝိုင်းဝိုင်းဝန်းဝန်းနဲ့ စည်စည်ကားကား ဆောက်လုပ်ထားတာ အခုမှ မြင်တွေ့ရတာ အင်မတန်ပီတိဖြစ်ရပါတယ်။ စိုက်ပျိုးရေးက အကုန်လုံး ကျွန်တော်တို့ ကားနဲ့ရော၊ ဘုရားဝန်ထမ်းတွေကရော အကုန်လုံးကားနဲ့အကုန်လုံး စီစဉ်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဆူးဖြူသာသနာ့ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၈၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၂၇ ပါးနှင့် ဒေသခံပြည်သူ ၅၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultra-sound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌
ထွန်းသောမီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေမုယင်းဒေသ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မတ် ၁ ရက်က တွံတေးမြို့နယ် ရွှေမုယင်း ဒေသသို့ ဆက်သွယ်သည့် မမျိုးစု - ကင်းရွာ - ခရမ်းကြီး - ခရမ်း၀ -ရေတွင်းကုန်း-ကွင်းပေါက်ဒေသ၏ရွှေမုယင်း ငါးကန်ကုန်ထုတ် လမ်းဖောက်လုပ်နေသည့်လုပ်ငန်း ခွင်အား သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီး ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကွင်း ပေါက်ရွာထိပ်မှ ချောင်းစပ်အထိ အရှည်ပေ ၂၄၀၀၊ အကျယ် ၁၉ ပေ၊ ထု ခြောက်လက်မ၊ မြေသား လမ်း ခင်းကျင်းပြီးစီးမှုလုပ်ငန်းခွင် ကိုလည်းကောင်း၊ ရွှေမုယင်း ချောင်းစပ်နှင့် ကွင်းပေါက်ကျေးရွာ ချောင်းစပ်ဆုံရာတွင် အရှည်ပေ ၃၀၀၊ အကျယ်ပေ ၁၀၀၊ ထု ခုနစ် လက်မရှိ ကားရပ်နားကွင်းအား ကွန်ကရစ်ခင်း တည်ဆောက်နေမှု ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ပြီး ညွှန်ကြားရေးမှူး ဦးသက်ဇော် နှင့်တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွင်း ပေါက်ကျေးရွာထိပ်တွင် သောက် ရေကန်တူးဖော်နေမှုကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းတစ်ခု လုံးခင်းကျင်းပြီးစီးပါက တွံတေး မြို့နယ် ရွှေမုယင်းဒေသအတွင်းရှိ လယ်ယာစိုက်ပျိုးရေး၊ ဆန်စပါး နှင့် ငါးမွေးမြူရေးလုပ်ငန်းများ အပြင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊လူမှုရေးများ ပိုမိုတိုးတက် ကောင်းမွန်ဖွံ့ဖြိုးလာနိုင်မည်ဖြစ် ကြောင်းသိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

---

# ဒုတိယဝန်ကြီး ဦးထိန်လင်း နေပြည်တော်ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် လူပျိုဆောင်၊ အပျိုဆောင်များ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနၶ တာဝန်ထမ်း ဆောင်လျက်ရှိသည့် နေပြည် တော်ရှိ အရာထမ်း၊ အမှုထမ်းများ နေထိုင်သည့် အိမ်ရာများနှင့် လူပျိုဆောင်၊ အပျိုဆောင်များ ကို လိုက်လံကြည့်ရှု စစ်ဆေး သည်။ (ယာပုံ)



ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့ သည် အမှုထမ်းများနေထိုင်သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ အမှုထမ်းအိမ်ရာများနှင့် ဇမ္ဗူ သီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်၊ အပျိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပိတောက်အိမ်ရာရှိ အမှုထမ်းအိမ်ရာများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အိမ်ရာများတွင် နေထိုင်သည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် အိမ်ရာစည်း မျဉ်း၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်ရန်၊ စည်းမျဉ်းစည်း ကမ်းများနှင့် အကျုံးမဝင်သူများ၊ မကိုက်ညီသူများနှင့် နေထိုင်ခွင့် မရှိသူများကို မိသားစုအခက်အခဲ များကြောင့် လာရောက်တည်းခို နေထိုင်လိုပါက တိုက်တာဝန်ခံ များထံ သတင်းပို့တင်ပြပြီး ခွင့်ပြု ချက်တောင်းခံသွားရန်၊ အိမ်ရာ များ တွင် အသိပေးကြော်ငြာများ ကပ်နိုင်ရေးအတွက် ကြော်ငြာ သင်ပုန်းများ ထားရှိတပ်ဆင်နိုင် ရေးဆောင်ရွက်သွားရန်၊ ဝန်ထမ်း အချင်းချင်း စည်းစည်းလုံးလုံးဖြင့် မိသားစုစိတ်ဓာတ်ထားရှိပြီး မိမိ တို့နေထိုင်သည့် အိမ်ရာများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်း ထိန်းသိမ်းသွားရန်၊ အိမ်ရာ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် သန့်ရှင်းရေး ပုံမှန်ဆောင်ရွက်သွားရန်နှင့် လုံခြုံ ရေး အထူးဂရုစိုက်ကြရန်၊ မီးဘေး အန္တရာယ်မဖြစ်စေရေး သတိပြု ရှောင်ကြဉ်ရန်နှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင် ပြင်ဆင်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**မကွေး မတ် ၂**

မကွေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် လီမိတက်၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို



ဖေဖော်ဝါရီ ၂၉ ရက်က မကွေး တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် လီမိတက်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းစု ချုပ်ဥက္ကဋ္ဌ သဘာပတိ ဦးစံကျော် ဝင်းက လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ ကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူ များမှ အမှုဆောင်ဒါရိုက်တာ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ နှစ်ချုပ်စစ်ဆေးချက် အစီရင်ခံစာ၊ အသင်းစာရင်းစစ် အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြား ရှင်းလင်းပြီး မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း များကို ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**အောင်ကို(မြန်/ဆက်)**

---

■ *ကျောဖုံးမှ*

ရပ်တန့်ခဲ့ပြီး သရေကစားနိုင်သည့် Generations အသင်းသည် ချန်ပီယံဆုအတွက် Play-off ကစားခွင့်ရရန် သေချာခဲ့သည်။ ဒုတိယအကျော့ ပြီးဆုံးရန် လက်ကျန် တစ်ပွဲအလိုတွင် ချန်ပီယံဆုအတွက် Play-off ပြန်ကစားမည့် ထိပ်ဆုံးသုံးသင်း စလုံး အဖြေထွက်ပေါ်ခဲ့ပြီး VUC အသင်း၊ MIU အသင်းနှင့် Gen- erations အသင်းတို့ ယှဉ်ပြိုင် ရမည်ဖြစ်သည်။ ပွဲစဉ် (၁၇) တွင် Dream Team အသင်းက Winner Soccer အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MIU အသင်းက ဖူဆယ်ချစ်သူ အသင်းကို ၁၃ ဂိုး-နှစ်ဂိုး၊ M2K အသင်းက လက်ဝဲသုန္ဒရအသင်း ကို ကိုးဂိုး-ခြောက်ဂိုး၊ လင်းလက် အသင်းက Futsal-19 အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး VUC အသင်းနှင့် Generations အသင်းတို့ တစ်ဂိုးစီသရေကျခဲ့ သည်။

ပွဲစဉ် (၁၇) အပြီးတွင် VUC အသင်းက ၄၉ မှတ်၊ MIU အသင်း က ၃၇ မှတ်၊ Generations အသင်း က ၃၃ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ Dream Team အသင်းက ၂၁ မှတ်၊ M2K အသင်းက ၂၀ မှတ်၊ ဖူဆယ်ချစ်သူ အသင်းက ၁၉ မှတ်၊ လင်းလက် အသင်းက ၁၇ မှတ်၊ Futsal-19 အသင်းက ၁၆ မှတ်၊ လက်ဝဲသုန္ဒရ အသင်းက ခုနစ်မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

○ *ကျောဖုံးမှ*

အေစီမီလန် အသင်းသည် ပွဲချိန်ပြည့်ခါနီးမှသာ အိုကာဖော် က သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းသည် ယခု အနိုင်ပွဲကြောင့် စီးရီးအေတွင် ၂၇ ပွဲကစားပြီး ရမှတ် ၅၆ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေပြီး ပြိုင်ဘက် လာဇီယိုအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် စီးရီးအေတွင် ရှုံးပွဲ ၁၁ ပွဲအထိ ရှိလာပြီဖြစ်သည်။

**အောင်ဇော်**

---

# မြဝတီမြို့ သဃ်န်းညီနောင်ရွာလယ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာပွဲကျင်းပ

မြဝတီ မတ် ၂

**ကရင်ပြည်နယ် မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာ သဃ်န်းညီနောင် ရွာလယ်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တ သောဘိတ သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ မဟာထေရ်မြတ် ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာပွဲနှင့် ဥတုဇရုပ်ကလာပ်တော် တေဇောဓာတ်ပူဇော်ပွဲအခမ်းအနားကို မတ် ၁ ရက်က သဃ်န်းညီနောင် ရွာလယ်ကျောင်းတိုက်၌ ကျင်းပသည်။**

ဦးစွာ အခမ်းအနားကို ဆရာ တော်၊ သံဃာတော် အရှင်သူမြတ် များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ် ပေးပြီး မြို့နယ်သံဃနာယက ဆရာတော် ဦးဇောတိက က သံဝေဂသံယုတ္တဂါထာနှင့် မြို့နယ် သံဃာ့အကျိုးတော်ဆောင် ဆရာ တော် ဘဒ္ဒန္တအာသီသက ဝမ်းနည်း ကြောင်း သဝဏ်လွှာကိုဖတ်ကြား ပေးသည်။ ထို့နောက်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ထံမှ ကရင်ပြည်သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ရေး အသင်းနာယက ဦးစောမုတ်သုန်၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ က သံဝေဂသြဝါဒကထာ မြွက် ကြားပေးခြင်းကို နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပေး၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှ ပေးဝေသည်။

ဆက်လက်၍ ဆရာတော် ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်အား စံကျောင်းတော်မှ မဂ္ဂင် ဖောင်တော်ဖြင့် စျာပနကွင်းသို့ ပင့်ဆောင်ပူဇော်ခဲ့ရာ ဆရာတော် အရှင်သူမြတ်များ ဦးဆောင်၍ ဝတ်ရွတ်အသင်းများက ပင့်ဆောင် ရာ လမ်းတစ်လျှောက် “အနိစ္စာ ဝတ္တ သင်္ခါရာ” အစရှိသော သံဝေဂ သုံးဂါထာရွတ်ဖတ်ပေးပြီး ရုပ် ကလပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် မီးပူဇော်၍ ကြွင်းကျန်ရစ်သော အရိုးပြာအိုး အား အုတ်ဂူသွင်း သင်္ဂြိုဟ်သွား မည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြန်/ဆက်)**

---

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် မတ် ၂** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ကချင်ပြည်နယ်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာ နိုင်သည်။ ကယားပြည်နယ်အနီးတစ်တစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စားရေရိက္ခာဖူလုံရေးဆွေးနွေးပွဲ တက်ရောက်



**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စားရေရိက္ခာဖူလုံရေးဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့ တိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် သီးနှံမျိုးစုံဖြစ်ထွန်းရာ တိုင်းဒေသကြီး တစ်ခုဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း အထူးအားထားရသည့် တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်များ၊ ဒေသန္တရဆည်များ၊ မြစ်ရေတင်နှင့် မြေအောက် ရေလုပ်ငန်းများအရ အကျိုးသက်ရောက်သည့် ဧရိယာများနှင့် မိုးကောင်းသောက်ဧရိယာများတွင် စပါး ၂ ဒသမ ၂ သန်း၊ ပဲမျိုးစုံ ၂ ဒသမ ၅သန်း၊ ဆီထွက်သီးနှံ ၂ ဒသမ ၄ သန်း၊ ကြံသုံးသိန်းခန့်နှင့် ဝါသီးနှံ ဧက ၈၂၄၀၀ ခန့် အပါအဝင် သီးနှံစုစုပေါင်း စိုက်ပျိုးဧရိယာ ၉ ဒသမ ၇ သန်းခန့်ဖြင့် သီးနှံစုံလင်စွာ စိုက်ပျိုးထုတ်လုပ်လျက် ရှိခြင်းကြောင့် နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍအား ထောက်ပံ့ပေးနေသည့် တိုင်းဒေသကြီးလည်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီး အတွင်း အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ကြိုးစားဆောင်ရွက်နေသကဲ့သို့ အဓိကသီးနှံ ၁၀ မျိုးတွင်ပါဝင်သည့် ဝါနှင့် ဂျုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးနှံမျိုးစုံစိုက်ပျိုးနေသည့် တိုင်းဒေသကြီး၏ စိုက်ပျိုးစွမ်းအားနှင့် ပန်းတိုင်အထွက်နှုန်းမြင့်တင်ကာ စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တောင်သူဦးကြီးများ၏ စွမ်းအားသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေခြင်းကြောင့် မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အတွင်းရှိ တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးကို အမြဲအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ဝါ၊ နေကြာသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးဘူးများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါရုံးဝင်းအတွင်း စိုက်ပျိုးထားရှိသော Home Graden စိုက်ခင်းပျိုးထောင် ထားရှိမှုများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ချီဖွေမြို့နယ်၌ ဆိုလာလျှပ်စစ်မီး စံပြစီမံကိန်း ရှင်းလင်းဆွေးနွေး




**မြစ်ကြီးနား မတ် ၂**

ကချင်ပြည်နယ် ချီဖွေမြို့နယ်အတွင်းရှိ ရစ်ဂျော်ကျေးရွာတွင် SPIC ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သည့် ဆိုလာ လျှပ်စစ်မီး စံပြစီမံကိန်းနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေး ပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စီမံကိန်းရှင်းလင်းပွဲတွင် ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးတိန့်ဆောင်က ဒေသ တစ်ခုဖွံ့ဖြိုးတိုးတက်ရေး အခြေခံကျသည့် လျှပ်စစ်မီးလင်းရေး အတွက် ယခုလို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးသည် တောင်ပေါ်ဒေသရှိ ကျေးရွာနေပြည်သူများအတွက်များစွာအကျိုးဖြစ်ထွန်းပါကြောင်း၊ ရစ်ဂျော်ကျေးရွာအား အချိန်တိုကာလအတွင်း ဆိုလာ လျှပ်စစ်မီး စံပြစီမံကိန်းဖြင့် မီးလင်းရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် SPIC ကုမ္ပဏီမှ တာဝန်ရှိသူက နေရောင်ခြည်စွမ်းအင်သုံးဆိုလာလျှပ်စစ်မီးစံပြစီမံကိန်းဖြင့် မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု စီမံကိန်းလုပ်ငန်းများနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခန့်ထက်က ဆိုလာလျှပ်စစ်မီးပေးစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် အဆိုပါ အစည်းအဝေးခန်းမ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများ၊ ဝန်ထမ်းများနှင့်ဆက်လက်တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရေး၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးမှုဖြင့် လုပ်ငန်းခွင်တွင် မိသားစုစိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရေး၊ ဝန်ထမ်းကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံကြရေး၊ လျှပ်စစ်ဓာတ်အားခ ကြွေးကျန်များမဖြစ်ပေါ်စေရေးလုံခြုံရေးအသိ၊ သတိရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရေး အားပေးပြောကြားခဲ့ကာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၁ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြစဉ်။

မြို့နယ် (ပြန်/ဆက်)

# ဗန်းမော်မြို့၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဆွေးနွေး

**ဗန်းမော် မတ် ၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ ခရိုင်စိုက်ပျိုးပညာပေးရေးခန်းမ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မြင့်က ပြည်သူများကို လက်ရှိဆောင်ရွက်နေသော မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသိရှိစေရန် ရည်ရွယ်၍ ဆွေးနွေးကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ထိုဆွေးနွေးပွဲတွင် ASIAGAP ၏ ဆောင်ရွက်ပြီးစီးမှုများ၊ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကမ္ဘာလုံးဆိုင်ရာအစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအစပြုမှုနှင့် Third-party Certification အကြောင်းအရာများ၊ မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ လက်ရှိမြန်မာ့ GAP ဆောင်ရွက်နေမှုအခြေအနေ၊ သရက် GAP စနစ်ဖြင့် ထုတ်လုပ်ခြင်း၊ ဈေးကွက်ထိုးဖောက်ခြင်းနှင့် အနာဂတ်မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြောင်းနှင့် ထိုဆွေးနွေးပွဲသို့ ဗန်းမော်၊ မိုးမောက်၊ မံစီမြို့နယ်ရုံးများမှ ဝန်ထမ်း ၁၆ ဦးနှင့် တောင်သူ ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## (၁၆၁)ကြိမ်မြောက် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များအတိုင်း ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ သဘင်ပွဲများဖြင့် တပို့တွဲလပြည့်ကျော် ၁၀ ရက် (မတ် ၅ရက်)မှ တပို့တွဲလကွယ်နေ့ (မတ် ၉ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၄ ရက် ညနေမှစ၍ အရှေ့ဘက်ဘုရားသုံးဆူတန်ဆောင်း၌ သစ်သီးဆွမ်း၊ မုန့်ဆွမ်းတင်လှူခြင်း၊ မတ် ၅ ရက် နံနက်အရုဏ်ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ မတ် ၉ ရက် ညနေပိုင်းတွင် သံဃာတော်အရှင်သူမြတ်အပါး ၂၀၀ ကျော်တို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကရုံး အဖွဲ့မှူး ဦးရဲမြင့်ထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## သာယာဝတီမြို့နယ်၌ နေ့/ ည အသံမစဲ ဥပ္ပါတသန္တိ ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**သာယာဝတီ မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အစည်းဝင်ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အသံမစဲဥပ္ပါတသန္တိ ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာကို ယနေ့ နံနက် ၉ နာရီက သာယာဝတီမြို့ မြို့ဦးအောင်သိဒ္ဓိစေတီတော်မြတ်ကြီး၏ ဓမ္မာရုံတော် အတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး သာယာဝတီမြို့နယ်သံဃနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ညောင်ကောက်ကွေးအောင်သိဒ္ဓိကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ တေဇနိယ အရှင်သူမြတ်က စိန်ရောင်ခြည် ဘုရားပင့် ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် သာယာဝတီမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ငဖြူကလေးရွာလယ်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တသီတဂူ အရှင်သူမြတ်က သမ္မာဒေဝနတ်ဖြဟ္မာများအား နတ်ပင့်ဂါထာတော်ဖြင့် ပင့်ဖိတ်ကြားပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဘိုကြီးကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သဒ္ဓမ္မောဒယအရှင်သူမြတ်ထံမှ ဩွပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ နေ့/ ည အသံမစဲဥပ္ပါတသန္တိ ကျမ်းမြတ်ရွတ်ဖတ်ပူဇော်မည့် ဘာဏကဆရာတော်များအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး အလှည့်ကျ ဘာဏက ဆရာတော်မှစ၍ ဥပ္ပါတသန္တိကျမ်းမြတ်ကို စတင်ရွတ်ဖတ်သည်။

အဆိုပါ နေ့/ ည အသံမစဲဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ၁၀ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တိုင်းရင်းသားယဉ်ကျေးမှုစင်တာ တည်ဆောက်ရေးစီမံကိန်း သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မတ် ၂**



မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ပြီး တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် ရိုင်းပင်းကူညီရေး တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ မင်းရွာကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားယဉ်ကျေးမှု စင်တာ တည်ဆောက်ရေး စီမံကိန်းသို့ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တိုင်းရင်းသားယဉ်ကျေးမှု စင်တာ တည်ဆောက်ရေးလုပ်ငန်း တစ်ခုချင်းစီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေးနှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားယဉ်ကျေးမှု စင်တာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်အတွင်း အခြေခံပညာ စာသင်ကျောင်းများ သန့်ရှင်း၍ စိမ်းလန်းစိုပြည်ပြီး ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းမြွစွာ ပညာသင်ကြားနိုင်ရေးအတွက် မော်လမြိုင်မြို့ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်များ၊ မြက်များနှင့် အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်း စိုပြည်စေရေးနှင့် သန့်ရှင်းသာယာ လှပစေရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်နေမှုအပေါ် ကြည့်ရှုအားပေးသည်။

**သက်နိုင်(မော်လမြိုင်)**

## ပန်ဝါမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ထောက်ခံကြိုဆိုပွဲကျင်းပ

**ပန်ဝါ မတ် ၂**

ကချင်ပြည်နယ် ပန်ဝါမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံစီတန်းလှည့်လည်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ဒေသခံပြည်သူများ ဆောင်ရွက်ကြသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲကို ပန်ဝါမြို့ အမှတ် (၂)ရပ်ကွက်နေ ဦးဘောမ်ဆောင်နှင့် ဦးခါဘောမ်တို့က ဦးဆောင်၍ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံကြောင်းနှင့် သတ်မှတ်ထားသော အသက်ကန့်သတ်ချက်အလိုက် စစ်မှုထမ်းရာတွင် ပါဝင်နိုင်ရေး ဆွေးနွေးပြီး ဒေသတည်ငြိမ်ဖွံ့ဖြိုးအုပ်ချုပ်ရေးရုံးရှေ့ (စုရပ်)မှ စတင်ထွက်ခွာသည်။



ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံရာ၌ ပန်ဝါမြို့နေ ပြည်သူလူထုများ၊ ကျီးကျားကျေးရွာ၊ ငီးလေ့၊ ဆော့ဇမ်ကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၈၀၀ ကျော်တို့က သတ်မှတ်လမ်းကြောင်းအတိုင်း စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။

**ပန်ဝါ(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ နှမ်းစပါးနှင့် အခြားနှမ်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ မတ် ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ပြီး ဖြန့်ဝေပေးနေပြီဖြစ်ရာ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကလည်း နွေသီးနှံလျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မိမိတို့၏ လယ်ယာမြေများကို မြေဆီမြေဩဇာ ထည့်သွင်းခြင်းနှင့် ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းများကို ကြိုးပမ်းဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

“ဒေသခံတောင်သူတွေ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်က စပြီး မြောင်းမုန်းမြောင်းမကြီးဆည်ရေသောက် ဧရိယာအတွင်းက စပါးစိုက်လယ်မြေတွေအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးထားပြီဖြစ်လို့ ဒေသခံတောင်သူတွေက လယ်ယာမြေတွေမှာ ကျွဲနွားတွေ၊ လယ်ယာသုံးစက်ကိရိယာတွေနဲ့ ပြင်ဆင်လုပ်ကိုင်နေကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေကလည်း တောင်သူတွေ နွေစပါးစိုက်ပျိုးရာမှာ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိစေဖို့ စိုက်ပျိုးရေး နည်းပညာတွေနဲ့ စိုက်ပျိုးရေး သွင်းအားစုပစ္စည်း စနစ်တကျ သုံးစွဲနည်းတွေကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် အထွက်နှုန်းကောင်းတဲ့ ဆာဖိုးသာစပါးမျိုးစေ့တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။ နှစ်စဉ် နွေစပါးသီးနှံရာသီမှာ တောင်သူတွေက ဆာဖိုးသာ၊ ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ချမ်းမြေ့မေ၊ ပေါ်ဆန်းရင် စတဲ့ စပါးမျိုးတွေကို အဓိကစိုက်ပျိုးကြပါတယ်။ ဆီထွက်သီးနှံ နှမ်းမှာတော့ စမုန်နက်၊ သိပ္ပံနှမ်းနက်နဲ့ နှမ်းဖြူမျိုးကို စိုက်ပျိုးကြပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး နွေစပါးသီးနှံ ၃၁၂၈၇ ဧက၊ နွေနှမ်း ၃၇၃၄၈ ဧက စုစုပေါင်း နွေသီးနှံစိုက်ဧက ၆၈၆၃၅ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နွေသီးနှံစိုက်ပျိုးမှု လျာထားချက်စာရင်းအရ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ထားဝယ် မတ် ၂

**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ထားဝယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်တပ်နယ်မှတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ထားဝယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ၊ အဆောက်အဦအထူးအဖွဲ့(၁၆)မှ တာဝန်ယူဆောင်ရွက်နေသည့် ထားဝယ်ပြည်သူ့ဆေးရုံကြီး ပြုပြင်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိပ်ကမ်းသာလမ်း(မင်းရပ်ကူးတို့ရပ်ကွက်လမ်းဆုံမှအောင်တံခွန်ငါးဈေးကြား) စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်နေသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်လမ်းသွားကွန်ကရစ်ခင်းခြင်း အဆင့်မြှင့်တင်နေမှုလုပ်ငန်း၊ ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အမာခံကျောက်ခင်းခြင်းလုပ်ငန်း၊ တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိပ်ကမ်းသာလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ တံတားရေရှည်ခိုင်ခံ့မှုရှိစေရေး သတ်မှတ်စံနှုန်းများနှင့်အညီ ကိုက်ညီစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား သီးခြားတွေ့ဆုံ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ မတ် ၁ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အာဏာတည်ခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းအသိပညာပေး ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ လက်ကမ်းစာစောင်ကို ဖြန့်ဝေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



ကြံခင်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာသတင်းစကား လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး မတ် ၁ ရက်က လူစည်ကားရာနေရာများတွင် အခမဲ့ဖြန့်ဝေပေးစဉ်။
မြို့နယ်(ပြန်/ဆက်)



မြို့သစ်မြို့နယ်ရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မတ် ၁ ရက်က ညောင်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပစဉ်။ ဝင်းအိဇွန်(ပြန်/ဆက်)

### ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမြင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးဖြိုးဝေအောင်က ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် မလိုလားအပ်သည့် မီဒီယာအချို့၏ လူမှုကွန်ရက်စာမျက်နှာများမှ မဟုတ်မမှန် သတင်းမှားများကို မယုံကြည်ကြရန် ရှင်းလင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ စုစုပေါင်း ၁၀၀ တို့အား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေကြောင်း သိရသည်။ **ရဲလင်းထွန်း(ကသာ)**



ငဖဲမြို့နယ်၌ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာများ အသိပညာပေးဆွေးနွေးပွဲကို ဝင်္ဘာကျေးရွာဓမ္မာရုံ၌ မတ် ၂ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းဇော်နှင့် တာဝန်ရှိသူများက အသိပညာပေး ဆွေးနွေးပြောကြားစဉ်။ မယု(ငဖဲ)

## ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ အထူးကုပြင်ပလူနာကြည့်ရှုမှုအချိန် တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်သူများလိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်တစ်ခုအဖြစ် အထူးကုဌာနများ ဖွင့်လှစ်ထားရှိသော ခုတင်(၁၀၀) နှင့်အထက် ပြည်သူ့ဆေးရုံများတွင် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ကြည့်ရှုကုသပေးသည့် အထူးကုပြင်ပလူနာဌာန ကြည့်ရှုမှုအချိန်ကို ၂၀၂၃ ခုနှစ် ဩဂုတ်မှစတင်၍ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ယခင်က နံနက်ပိုင်းသာ ကြည့်ရှုကုသပေးနိုင်ရာမှ ယခုအခါ မွန်းလွဲပိုင်းအထိ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးကုဆရာဝန်ကြီးများနှင့် ပြသလိုပါက ဒေသန္တရဆေးခန်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ရောဂါအမျိုးအစားအလိုက် အထူးကုပြင်ပလူနာဌာနများသို့ **ညွှန်းပို့သည့်စာ(referral letter)**နှင့်အတူ ပြသနိုင်ပြီး အထူးကုပြင်ပလူနာဌာနများတွင် နေ့ရက်၊ အချိန်မှန်ကန်စွာ ပြသနိုင်ရေးအတွက် လာရောက်ပြသခြင်းမပြုမီ **မိမိတို့ ပြသလိုသော ဆေးရုံကြီးများ၏ အထူးကုပြင်ပလူနာ အချိန်ဇယားကို ကြိုတင်သိရှိရန်** လိုအပ်ကြောင်းနှင့် ပြည်သူ့ဆေးရုံကြီးများ၏ အထူးကု ပြင်ပလူနာအချိန်ဇယားကို သက်ဆိုင်ရာဆေးရုံကြီးများတွင် အများပြည်သူ အလွယ်တကူသိရှိနိုင်အောင် Vinyl/board များဖြင့် ကြေညာထားခြင်း၊ ကုသရေးဦးစီးဌာန Website စာမျက်နှာ www.doms.gov.mm ၌ ဖော်ပြထားခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

**ကျန်းမာရေးဝန်ကြီးဌာန**

# ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ တောင်သူ ဦးမောင်စိုး၏ စနစ်တကျ လယ်ယာမြေ ၁၅ ဧကၡ စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး သီးထပ်စွမ်းအား တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရန် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ သုတေသနနှင့် နည်းပညာပြန့်ပွားရေးကို အဓိကထား လုပ်ဆောင်ကြရန် ဆွေးနွေးပြောကြားကာ ရှမ်းစုကျေးရွာရှိ Healthy first သဘာဝမြေဩဇာ ထုတ်လုပ်မှု လုပ်ငန်းခွင်ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျဉ်းမလွင်ကျေးရွာတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားရှိသော တစ်ဆက်တစ်စပ်တည်း နွေစပါး ဧက ၅၀၀ စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီးအတွင်း စပါးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့ ရွှေဗျိုင်းဖြူကုမ္ပဏီ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လယ်မြေရေိယာများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ ရေနက်ကွင်းများတွင် စိုက်ပျိုးရေးသုတေသနနှင့် ပူးပေါင်း၍ သင့်တော်သည့် စပါးမျိုးများ စမ်းသပ်စိုက်ပျိုးကြရန်၊ ရေသွင်းရေထုတ်နည်းများကို ပညာရှင်များနှင့်တွဲဖက်၍ လက်လှမ်းမီ သုတေသနပြုလုပ်ကြရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ရန် ဆွေးနွေး

**ကျိုင်းတုံ မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက်က ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျိုင်းတုံ) ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလင်းထွဋ်ဦးက ဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက ဘေးအန္တရာယ်ဖြစ်ပွားကြုံတွေ့ပါက ရှာဖွေကယ်ဆယ်ရေး၊ လုံခြုံရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ သတင်းနှင့်ပြန်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး စသည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ မောင်မယ်သစ်လွင်ကြိုဆို

**အမရပူရ မတ် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို မတ် ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီးဒေါ်တင့်တင့်က အမှာစကားပြောကြားပြီး ၂၀၂၄ ပညာသင်နှစ်အတွက် ဆောင်းဒါးမောင် ဆောင်းဒါးမယ်ရွေးချယ်ခြင်း၊ ဒီပလိုမာသင်တန်းသား သင်တန်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေခြင်းများ ဆောင်ရွက်ကြပြီး ကျောင်းအုပ်ကြီးက ဆောင်းဒါးမောင်မယ်များအား စလွယ်အပ်နှင်းခဲ့သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာသင်တန်း၊ ရိုးရာလွန်းရာကျော် အချိတ်သင်တန်းနှင့် ရွှေချည်ထိုး၊ ငွေချည်ထိုး သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မောင်ပြည်သူ (မန္တလေး)**

# တွန်းဇံမြို့နယ် လွှောင်အဲလ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်

**တွန်းဇံ မတ် ၂**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဆိုင်ပီးမွာလ် ကျေးရွာအုပ်စု လွှောင်အဲလ်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း အကျယ် ၁၂ ပေ၊ အရှည်(၃/၄) မိုင်နှင့် လမ်းဘေးရေမြောင်းဖောက်လုပ်မှု လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ပြည်ထောင်စု) ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းနှင့် ရေမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထောင်းဆွမ်းမုန်နှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပေးခြင်းအားဖြင့် လွှောင်အဲလ်ကျေးရွာနေ ဒေသခံတောင်သူများအတွက် တောင်ယာလုပ်ငန်းများမှထွက်ရှိသော အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ အလွယ်တကူ သယ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



လွှောင်အဲလ်ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

**ဇိုဇွန်းပါလ် (ပြန်/ဆက်)**

# ကလောမြို့နယ်၌ နွေရာသီအားကစားသင်တန်းဖွင့်လှစ်

**ကလော မတ် ၂**

ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ၂၀၂၄ ခုနှစ် နွေရာသီ အားကစားသင်တန်းကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက မတ် ၁ ရက်မှစ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အားကစားကွင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အောင်မြင်မှုများပိုမိုရရှိစေရေး၊ မျိုးဆက်သစ်အားကစားသမား လူငယ်များ ပေါ်ထွက်လာစေရေး၊ ကျောင်းသား ကျောင်းသူများ အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် နိုင်ငံတော်၏ အားကစားမြှင့်တင်ခြင်းလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး ရည်ရွယ်ချက်များဖြင့် သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မြန်မာ့သိုင်း၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ လက်ဝှေ့ စသည့် အားကစားနည်းများကို ကျွမ်းကျင်သောနည်းပြများဖြင့် မတ် ၁ ရက်မှ ၁၅ ရက်အထိ အခမဲ့ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်သည့်နေ့တွင် သင်တန်းသား သင်တန်းသူ ၁၅၀ ခန့်တက်ရောက်လျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်ကျော့ကေခိုင်ထွန်းထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မလှိုင်မြို့၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မလှိုင် မတ် ၂**

မလှိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ဖေဖော်ဝါရီ ၂၉ ရက်က အဆိုပါဘဏ်၌ သွားရောက်ဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် မြို့နယ်အတွင်းရှိ ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားဝန်ထမ်း ၁၁၉ ဦးတို့အား ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်လတ်နှင့် သူနာပြုဆရာမများက သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချိုသွေးချို တိုင်းတာစစ်ဆေးပေးခြင်း၊ အောက်ဆီဂျင်တိုင်းတာစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ပင်စင်စားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းစာအုပ်များ ထားရှိပေးထားပြီး လစဉ်ပင်စင်လာရောက်ထုတ်ယူသည့်အချိန်တွင် ပြည်သူ့ဆေးရုံ၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း (မလှိုင်)**

# ဖွဲ့နုဆီထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေမည်

◇◇◇◇◇◇◇◇◇◇◇◇◇ **နှင်းယု** ◇◇◇◇◇◇◇◇◇◇◇◇◇

**စပါးသည် မြန်မာနိုင်ငံ၏ ပင်မစိုက်ပျိုးရေးပင်။ စပါးမှ ဆန်ကို အချောထုတ်ယူပြီး ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာနှင့် စိုက်ပျိုးရေးအတွက် ပြန်လည်အသုံးပြုကြသည်။ ထိုသို့ ဆန်ကြိတ်ခွဲခြင်းမှ ထွက်ရှိလာသည့်ဖွဲ့နုကို ယခင်က တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသော်လည်း ယခုအခါ Solvent Extraction and Physical Refining နည်းပညာနှင့် ပေါင်းစပ်ကာ စားသုံးနိုင်သည့်ဖွဲ့နုဆီအဖြစ် ထုတ်လုပ်အသုံးပြုနေကြပြီဖြစ်သည်။**



ဖွဲ့နုဆိုရာတွင် စက်ကြိတ်အဆင့်အတန်းနှင့် ဆန်သားအရည်အသွေးပေါ်မူတည်၍ ဆန်ဖြူဖွဲ့နု၊ အထူးဖွဲ့နုနှင့် ပေါင်းဆန်(ပြုတ်) ဖွဲ့နုဟူ၍ ဖွဲ့နုအမျိုးအစားများရှိရာ ဆီပါဝင်မှုရာခိုင်နှုန်း ၁၅ မှ ၁၈ ရှိသည့် ဆန်ဖြူနှင့် ပေါင်းဆန်ဖွဲ့နုမှသာ ဆီထုတ်ယူနိုင်ကြောင်းသိရှိရသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန် စသည့်နိုင်ငံများတွင် ဖွဲ့နုဆီသည် အသုံးပြုမှုများသည့် စားသုံးဆီတစ်မျိုးဖြစ်သည်။

**အငွေ့ပြန်ဖွဲ့နုဆီကို စနစ်တကျသန့်စင်ပါက တန်ဖိုးမြင့်စားသုံးဆီကိုရရှိ**

ဖွဲ့နုတွင် ပါဝင်သောဆီပမာဏသည် ၂၅ ရာခိုင်နှုန်းအောက်သာဖြစ်သောကြောင့် ဓာတုဗေဒနည်းအားဖြင့်သာ ဆီထုတ်ယူနိုင်သည်။ ဖွဲ့နုကို ဓာတုဖျော်ရည် (Organic Solvent) တစ်မျိုးမျိုးတွင် စိမ်သောအခါ ဆီများသည် အဆိုပါ ဓာတုဖျော်ရည်အတွင်း ပျော်ဝင်သွားသည်။ ထိုပျော်ရည်အရောကို အပူပေးခြင်းဖြင့် ဓာတုဖျော်ရည်ကို အငွေ့ပြန်စေကာ ဖွဲ့နုဆီကြမ်းကို ရရှိသည်။ အဆိုပါ ဖွဲ့နုဆီကြမ်း (Crude Oil) ကို ဆီချောသန့်စင်စက်ရုံ (Physical Refinery) တွင် စနစ်တကျသန့်စင်ပါက တန်ဖိုးမြင့်စားသုံးဆီ (Edible Oil) ကို ရရှိမည်ဖြစ်သည်။

ဖွဲ့နုဆီတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သော r-oryzanol နှင့် tocotrienol တို့ များစွာပါဝင်နေသောကြောင့် ဆီ၏ သက်တမ်းကို ကြာရှည်စေသည့်အပြင် စားသုံးသူတွင်လည်း အရွယ်မတိုင်မီ အိုမင်းခြင်းကို တားဆီးပေးခြင်း၊ ကင်ဆာဆဲလ်များကို ခုခံကာကွယ်နိုင်ခြင်း စသည့်ကျန်းမာရေး ကောင်းကျိုးများကို ရရှိစေသည်။

ထိုသို့ ကျန်းမာရေးအတွက် ကောင်းကျိုးများ ရှိသည့်အပြင် နိုင်ငံအတွက် ဆီစားသုံးမှုကို အထောက်အကူပြုစေမည့် ဖွဲ့နုဆီ တိုးတက်ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေဖြင့် ဖွဲ့နုဆီနှင့် စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)ကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

**စားသုံးဆီဖူလုံရန် မြှင့်တင်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်ဖြစ်သည့် သွင်းကုန်အစားထိုးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ စားသုံးဆီဖူလုံရန် မြှင့်တင်ဆောင်ရွက်ရေးတို့ကို ရည်ရွယ်ဖော်ဆောင်သည့်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) သည် ဖွဲ့နုဆီထုတ်လုပ်သည့်လုပ်ငန်းကို စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဆန်စပါးညီလာခံ

**ဖွဲ့နုဆီတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သော r-oryzanol နှင့် tocotrienol တို့ များစွာပါဝင်နေသောကြောင့် ဆီ၏ သက်တမ်းကို ကြာရှည်စေသည့်အပြင် စားသုံးသူတွင်လည်း အရွယ်မတိုင်မီ အိုမင်းခြင်းကို တားဆီးပေးခြင်း၊ ကင်ဆာဆဲလ်များကို ခုခံကာကွယ်နိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကို ရရှိစေ**

(၂၀၂၂)မှ ဖော်ထုတ်ခဲ့သည့် ဖော်ထုတ်ချက် ၄၃ ချက်အနက် ဖွဲ့နုဆီထုတ်လုပ်မှုအတွက် ဆီကြမ်း၊ ဆီချောစက်ရုံများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆိုသည့်အချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်ဆောင်ရွက်သွားရန် လမ်းညွှန်ထားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် MAPCO အပါအဝင် အခြားဆန်စပါးကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်စုပေါင်း၍ အစုရှယ်ယာရှင်များစွာ ပါဝင်သော Myanmar Rice Bran Oil Company Limited ကို ဖွဲ့စည်းထားပြီဖြစ်သည်။ နောင်တွင် Yangon Stock Exchange တွင် အစုရှယ်ယာ ထုတ်ဝေရောင်းချသည့် စာရင်းဝင်ကုမ္ပဏီဖြစ်သည်အထိ စီစဉ်သွားရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ Myanmar Rice Bran Oil Co., Ltd. အနေဖြင့် ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)ကို နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စုတွင် တည်ထောင်ကာ ဖွဲ့နုဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"တည်ဆောက်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်တဲ့ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နေ့က လုပ်ခဲ့ပြီးပါပြီ။ တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်နှစ်အတွင်း အပြီးသတ် ဆောင်ရွက်နိုင်ဖို့ မှန်းထားပါတယ်။ စက်ရုံကိုတော့ ၂၀၂၅ ခုနှစ်နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်နိုင်ဖို့ လျာထားဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းဦးက ပြောကြားသည်။

**တန် ၂၀၀ ဖွဲ့နုဆီကြမ်းစက်ရုံအဖြစ် တည်ဆောက်သွားမည်**

ဖွဲ့နုဆီနှင့် စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)ကို တန် ၂၀၀ ဖွဲ့နုဆီကြမ်းစက်ရုံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းစက်ရုံမှ ထွက်ရှိလာသည့် ဖွဲ့နုဆီကြမ်းကို ပြန်လည်သန့်စင်ထုတ်လုပ်မည့် ဆီချောသန့်စင်စက်ရုံကိုပါ တစ်ပါတည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုကတော့ နေပြည်တော်အနီးတစ်ဝိုက်က ဆန်စက်တွေကထွက်ရှိတဲ့ ဘေးထွက်ပစ္စည်း ဖွဲ့နုကို ခေတ်မီနည်းစနစ်တွေနဲ့ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် စားသုံးဆီထုတ်လုပ်မှာ ဖြစ်ပါတယ်။ တခြားနေကြာ၊ ပဲပုပ် စတဲ့ ဆီထွက်သီးနှံတွေကနေ စားသုံးဆီတွေ ထုတ်လုပ်သွားမယ်။ ဒီစက်ရုံကို တစ်ရက် တန် ၂၀၀ ကျ ဖွဲ့နုဆီကြမ်းနဲ့ တန် ၅၀ ကျ ဖွဲ့နုဆီချော စက်ရုံအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဖွဲ့နုဆီက ဆီကြိတ်သလိုတော့ ဆီတန်းမထွက်ဘူး။ ဖွဲ့နုကို Solvent Extraction နည်းပညာကိုသုံးပြီး ဆီကြမ်းအရင်ထုတ်လုပ်ရပါတယ်။ ဆီကြမ်းကို ပြန်လည်သန့်စင်ထုတ်လုပ်မယ့် ဆီချောသန့်စင်စက်ရုံကိုပါ တည်ဆောက်ရပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းဦးက ပြောသည်။

ဖွဲ့နုဆီနှင့် စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အပြင် နိုင်ငံအတွင်း တန် ၂၀၀ ဖွဲ့နုဆီကြမ်းစက်ရုံစုစုပေါင်း ၁၁ ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ ယင်းစက်ရုံများမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် ၁၁၈၈၀၀ တန် ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။ ထို့အတူ တန် ၅၀ ဖွဲ့နုဆီချောစက်ရုံ ငါးရုံကို နိုင်ငံအတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ဆီချောထုတ်လုပ်နိုင်မည့် ဆီကြမ်းတန်ချိန် ၇၅၀၀၀ တန်၊ တစ်နှစ်လျှင် ဆီချောတန်ချိန် ၄၈၈၀၀ တန် ထွက်ရှိနိုင်ရန် ခန့်မှန်းထားသည်။

သို့ဖြစ်ရာ ဖွဲ့နုကုန်ကြမ်းကို ဈေးကွက်ဝင်သော၊ ကျန်းမာရေးကို အထောက်အကူပြုသော တန်ဖိုးမြင့်ထုတ်ကုန် ဖွဲ့နုဆီအဖြစ် ပြုလုပ်နိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဖေဖော်ဝါရီလအတွင်း EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သား ၄၁၉ ဦး စေလွှတ်

**ရန်ကုန် မတ် ၂**

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံသို့ ဖေဖော်ဝါရီလအတွင်း မြန်မာလုပ်သား ၄၁၉ ဦး စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကုန်ထုတ်လုပ်သားသစ် ၁၅၂ ဦးကို စေလွှတ်ခဲ့ကြောင်း သံရုံး၏ စာရင်းများအရ သိရသည်။ ထို့အတူ EPS စနစ်ဖြင့် စေလွှတ်ခဲ့သည့် ကုန်ထုတ်လုပ်သားသစ် ၂၆၇ ဦးသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့မှ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်ဖြင့် (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများကို ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှု လုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

MT

## စလင်းမြို့နယ်၌ နွေစပါး ဧက ၁၃၀၀ စိုက်ပျိုးရန်လျာထားပြီး စတင်စိုက်ပျိုးလျက်ရှိ

**စလင်း မတ် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် နွေသီးနှံ ဆန်စပါး စိုက်ပျိုးရန်လျာထား ဧက ၁၃၀၀ ရှိပြီး စတင်ထွန်ယက် စိုက်ပျိုးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီတွင် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီဆည်၊ မုန်းမြောင်းမကြီးနှင့် စလင်းတမံ၊ လင်းဇင်းဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် စိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး ဖေဖော်ဝါရီဒုတိယပတ်မှ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း နွေစပါးစိုက်တောင်သူများထံမှ သိရသည်။

နွေစပါးစိုက်ဧက ၁၃၀၀ လျာထားချက်ပြည့်မီရေးအတွက် ဖောင်းလင်း၊ ဘီးဇပ်၊ တောင်ရွာထန်းတော၊ တောင်ကန်၊ ရွာမှတ်ကျေးရွာအုပ်စုများမှ တောင်သူပေါင်း ၉၉၅ ဦးတို့က စတင်ထွန်ယက်စိုက်ပျိုးနေပြီဖြစ်ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့်များထွက်ရှိရေး စိုက်ပျိုးရေးနည်းစနစ်များ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်လွင် (စလင်း)

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏

# ဂါဇာကမ်းမြောင်းသို့ ဝေဟင်မှတစ်ဆင့် ထောက်ပံ့ရေးပစ္စည်းများ ပစ်ချပေးရန် အမေရိကန် စီစဉ်နေ

ဝါရှင်တန် မတ် ၂

**အစ္စရေးနှင့်ဟားမားစ်တို့ကြား တိုက်ပွဲဆက်လက်ဖြစ်ပွားနေသော်လည်း အမေရိကန်သည် ဂါဇာကမ်းမြောင်းသို့ ဝေဟင်မှတစ်ဆင့် ထောက်ပံ့ရေးပစ္စည်းများကို ပစ်ချပေးရန် စီစဉ်နေကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ထုတ်ပြန်ကြေညာလိုက်သည်။**



အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

သမ္မတ ဘိုင်ဒင်သည် သောကြာနေ့က အိမ်ဖြူတော်၌ အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီနှင့် ပြုလုပ်သော ဆွေးနွေးပွဲအဖွင့်တွင် ထိုကဲ့သို့ မှတ်ချက်ပြု ပြောကြားလိုက်ခြင်း ဖြစ်သည်။ ကြောက်မက်ဖွယ်ကောင်းသော စစ်ပွဲအတွင်း ပိတ်မိနေသော အပြစ်မဲ့ပြည်သူများသည် အလွန်စိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေကြကြောင်း၊ ၎င်းတို့၏ မိသားစုများကို ကျွေးမွေးနိုင်ခြင်း မရှိတော့ကြောင်း၊ ဂါဇာကမ်းမြောင်းသို့ ထောက်ပံ့ကူညီမှုများမှာလည်း လုံလောက်မှု မရှိတော့ကြောင်း ဘိုင်ဒင်က ဂါဇာကမ်းမြောင်းနှင့် ပတ်သက်ပြီး ထိုကဲ့သို့ ပြောကြားခဲ့သည်။

ထောက်ပံ့ကူညီရေး ထရပ်ကားများမှာ တောင်ပိုင်းရှိ စစ်ဆေးရေးဂိတ် နှစ်ခုမှသာလျှင် ဂါဇာသို့ ဝင်ရောက်ရသောကြောင့် အထူးသဖြင့် ဒေသမြောက်ပိုင်းတွင် ထောက်ပံ့ရေးပြတ်တောက်မှုနှင့် ဆိုးဆိုးရွားရွား ကြုံတွေ့နေရကြောင်း သိရသည်။ အမေရိကန်သည် လာမည့်ရက်များအတွင်း နောက်ထပ် အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဝေဟင်မှ ချပေးသွားမည် ဖြစ်ကြောင်း ဘိုင်ဒင်က ကြေညာခဲ့သည်။

ထို့အပြင် အမေရိကန်သည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ အမြောက်အမြားကို ထောက်ပံ့ပေးနိုင်ရန် ရေလမ်းကြောင်းမှတစ်ဆင့်ဖြစ်နိုင်ခြေ အပါအဝင်ဂါဇာ ကမ်းမြောင်းသို့အခြားသော လမ်းကြောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ရှာဖွေသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဘင်ဂလူရူ ကော်ဖီဆိုင်၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမြို့တော်တွင် လုံခြုံရေးတိုးမြှင့်ထား

**နယူးဒေလီ မတ် ၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ဘင်ဂလူရူမြို့ရှိ ကော်ဖီဆိုင် တစ်ဆိုင်၌ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမြို့တော် ဒေလီတစ်ဝိုက်တွင် ရဲတပ်ဖွဲ့က လုံခြုံရေးတိုးမြှင့်ထားပြီး သတိပေးမှုများလည်း ထုတ်ပြန်ထားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ၁၀ ဦးထက် မနည်း ဒဏ်ရာရရှိခဲ့သည်။



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို ရဲများစုံစမ်းစစ်ဆေးဆောင်ရွက်နေစဉ်။

ဘင်ဂလူရူမြို့ ရာမက်ရှ်ဝါရမ်ကော်ဖီဆိုင်၌ မတ် ၁ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေလီမြို့ရှိ လူဦးရေထူထပ်သည့် နေရာများ အထူးသဖြင့် ဈေးများတွင် သတိဝီရိယဖြင့်နေကြရန် ဒေလီမြို့ခရိုင်ရဲအရာရှိများက ညွှန်ကြားထားသည်။ မသင်္ကာဖွယ်ရာ အပြုအမူများတွေ့ရှိပါက အနီးဆုံး ရဲစခန်းများသို့အကြောင်းကြားကြရန် ဒေသခံဈေးအဖွဲ့အစည်းများသို့ ညွှန်ကြားထားကြောင်းသိရသည်။

စီစီတီဗွီ ကင်မရာများ ကောင်းမွန်စွာ လုပ်ဆောင်ခြင်းရှိ၊ မရှိကိုလည်း စစ်ဆေးထားကြရန် ဈေးအဖွဲ့အစည်းများကို ညွှန်ကြားထားကြောင်း သိရသည်။

ဖုံးရှင်းလင်းရေး ရဲတပ်ဖွဲ့နှင့် ဖုံးထောက်လှမ်းရေးအဖွဲ့ကိုလည်း အဆင်သင့် ဖြစ်နေစေရန် ညွှန်ကြားထားကြောင်း သိရသည်။

ဘင်ဂလူရူမြို့ ပေါက်ကွဲမှုဖြစ်စဉ်တွင် ပါးစပ် နှာခေါင်းစည်း တပ်ဆင်၍ မျက်မှန် တပ်ဆင်ထားသော လူတစ်ဦးသည် ကော်ဖီဆိုင်အတွင်းသို့ အိတ်တစ်လုံး သယ်ဆောင်ကာ ဝင်ရောက်လာကြောင်း စီစီတီဗွီ ကင်မရာများတွင် တွေ့ရှိရသည်။

အဆိုပါ အိတ်ကို ဆိုင်အတွင်း လက်ဆေးသည့်နေရာတွင် ထားခဲ့သည်ဟု ရဲများက ယူဆကြသည်။ ဘင်ဂလူရူမြို့သည် နည်းပညာအချက်အချာကျသည့်နေရာ တစ်ခုလည်း ဖြစ်သည်။

**ဆင်ဟွာ**

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်စစ်ဘက်အကြံပေးတစ်ဦးသေဆုံး

**တီဟီရန် မတ် ၂**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဘန်းနီးယပ်စ်မြို့ကိုအစ္စရေးက လေကြောင်း တိုက်ခိုက်မှုပြုလုပ်ရာ အီရန်စစ်ဘက်ဆိုင်ရာ အကြံပေးဖြစ်သူတစ်ဦးသေဆုံးပြီး အခြားနိုင်ငံခြားသား နှစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

**စစ်ဘက်အကြံပေးအဖြစ် တာဝန်ထမ်းဆောင်**

အီရန်အစ္စလာမ္မစ်အစောင့်တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သူ ရီဇာ ဇာရိုင်သည် ဆီးရီးယားနိုင်ငံတွင် စစ်ဘက်ဆိုင်ရာအကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း အီရန်ကျောင်းသားများ အေဂျင်စီက အစီရင်ခံတင်ပြထားသည်။

အစ္စရေးသည် ဘန်းနီးယပ်စ်မြို့တောင်ပိုင်း ဘာတာရာယာဒေသရှိ နေအိမ်တစ်လုံးကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်းဖြစ်ပြီး ဇာရိုင်နှင့် အခြားနိုင်ငံခြားသားနှစ်ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

**အရပ်သားများထိခိုက်ဒဏ်ရာရရှိ**

အရင်းအမြစ်များမှတစ်ဆင့် ဆီးရီးယားပဋိပက္ခကို ခြေရာခံသော ဗြိတိန်အခြေစိုက်စစ်ပွဲစောင့်ကြည့်ရေးအဖွဲ့က အဆိုပါ တိုက်ခိုက်မှုကြောင့် နေအိမ်အများအပြား ကြီးကြီးမားမား ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး အရပ်သားအများအပြားလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။ **ဆင်ဟွာ**

# သီရိလင်္ကာ ခရီးသွားလုပ်ငန်း လေးနှစ်အတွင်း လစဉ်ဝင်ငွေအများဆုံးစံချိန်တင်

**ကိုလံဘို မတ် ၂**

ဇန်နဝါရီလအတွင်း သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှလစဉ်ဝင်ငွေရရှိမှုမှာ လေးနှစ်တာကာလအတွင်း စံချိန်တင်အများဆုံးဖြစ်သည်ဟု ဗဟိုဘဏ်မှ ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။ မတ်လ ၁ ရက်တွင် သီရိလင်္ကာ ဗဟိုဘဏ်စီးပွားရေး သုတေသနဌာနက အစီရင်ခံစာ တင်ပြခဲ့သည်။



အဆိုပါ အစီရင်ခံစာအရ သီရိလင်္ကာနိုင်ငံသည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၄၂ သန်းရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်၍ အများဆုံးဝင်ငွေဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း ရရှိသည့် ဝင်ငွေကိန်းဂဏန်းများကို ယခင်နှစ် ခရီးသွားလုပ်ငန်းမှ လစဉ်ဝင်ငွေ ဒေါ်လာ ၁၅၄ သန်းနှင့် နှိုင်းယှဉ်ထားခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီသို့ ရန်ပုံငွေ ဆက်လက်ထောက်ပံ့ရန် အီးယူဆုံးဖြတ်

**ဘရပ်ဆဲလ် မတ် ၂**

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီသို့ ရန်ပုံငွေများ ဆက်လက်ထောက်ပံ့သွားမည်ဟု ဥရောပသမဂ္ဂမှ အရာရှိများက ပြောသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဟားမားစ်က အစ္စရေးကိုဝင်ရောက်တိုက်ခိုက်မှုတွင် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့်လုပ်ငန်းအေဂျင်စီမှ ဝန်ထမ်းများ ပါဝင်ပတ်သက်သည်ဟူသော စွပ်စွဲချက်များရှိခဲ့ပြီး ယင်းကိစ္စနှင့် ပတ်သက်၍ဥရောပသမဂ္ဂ၏ ရပ်တည်ချက်ကို မရှင်းလင်းခဲ့ချေ။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့်လုပ်ငန်းအေဂျင်စီသည် အုပ်ချုပ်မှုအားကောင်းအောင် ပြုလုပ်မည်ဖြစ်ပြီးအတွင်းပိုင်း၌ စုံစမ်းစစ်ဆေးမှုများ တိုးမြှင့်ပြုလုပ်မည်ဟူသော သဘောတူညီချက်ပေးပြီးနောက် ဥရောပသမဂ္ဂအဖွဲ့က ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂသည် လာမည့်သီတင်းပတ်အတွင် ယူရိုသန်း ၅၀ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း အဆိုပါ အေဂျင်စီသို့ ဥရောပသမဂ္ဂမှ အမေရိကန် ဒေါ်လာ ၈၈ သန်းကျော် ထောက်ပံ့ပေးရန် လျာထားပြီးဖြစ်သည်။

ပါလက်စတိုင်းများကို ကူညီပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းများမှတစ်ဆင့် အမေရိကန် ဒေါ်လာ ၇၃ သန်း ထောက်ပံ့ခဲ့ကြောင်း ဥရောပသမဂ္ဂ အာဏာပိုင်များက ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နဝမအကြိမ် ပိဋကတ်သုံးပုံပါဠိတော် မြန်မာဘာသာပြန်စာမေးပွဲ စာအောင်သံဃာတော်များ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ



**ရန်ကုန် မတ် ၂**

ပိဋကတ္တယမာမကအသင်းက ကြီးမှူးကျင်းပသည့် နဝမအကြိမ် ပိဋကတ်သုံးပုံပါဠိတော် မြန်မာဘာသာပြန်စာမေးပွဲ၌ ကျမ်းပြီး အောင်မြင်ကြသည့် သံဃာတော်များ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ညှော့ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်မြို့ စိန်ရတနာဓမ္မာစရိယစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသာသနဝရက ပိဋကတ်သုံးပုံ မြန်မာပြန် စာမေးပွဲနှင့် WE IOVE DHAMMA FOUNDATION ဖြစ်ပေါ်လာပုံ အကြောင်းတို့ကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ မြန်မာပြန်စာမေးပွဲ (ရန်ကုန်စာဖြေဌာန) အထူးအောင်ပုဂ္ဂိုလ်သုံးပါးတို့အား WE LOVE DHAMMA FOUNDATION ဩဝါဒါစရိယ ဆရာတော်များက အထူးအောင်ဂုဏ်ပြုလွှာများကိုပေးအပ်ပြီး ပိဋကတ်မြန်မာပြန်စာမေးပွဲ (ပဲခူးစာဖြေဌာန၊ မန္တလေးစာဖြေဌာန၊ မုံရွာစာဖြေဌာန၊ မြစ်ကြီးနားစာဖြေဌာန)တို့မှ စာအောင်သံဃာတော် ၁၇၇ ပါးတို့အတွက် ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို WE IOVE DHAMMA FOUNDATION ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးက ဆက်ကပ်လှူဒါန်းရာ သံဃာတော်များကိုယ်စား အရှင်ဇနိတာလင်္ကာရာဘိဝံသက လက်ခံရယူတော်မူသည်။(ယာပုံ)

ထို့နောက် ၁၁ ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကရမ္မာဝတီ ရခိုင်ဆရာတော် ဘဒ္ဒန္တကုလန္ဒပါလထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက်ချအမျှပေးဝေကြကြောင်း သိရသည်။

**အာကာလင်း**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် သင်တန်းသားများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တေးသံရှင်များက စုပေါင်းဖျော်ဖြေ၊ တစ်ခဲနက်ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် သင်တန်း တက်ရောက်နေကြသည့် သင်တန်းသူ သင်တန်းသားများ၊ တက္ကသိုလ်မှဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံ တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၊ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ရုပ်သေးပညာရှင်တို့က ယနေ့ ညနေပိုင်းတွင် ရတနာသဃ်ခန်းမ၌ ဖျော်ဖြေရေး အစီအစဉ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုဖျော်ဖြေကြရာ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။



အဆိုပါ ဖျော်ဖြေပွဲတွင် ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ် အကအဖွဲ့မှ ပွဲဦးကဟန်ရွှေပန်းပန်၊ လှပဝေဆာ အကပဒေသာ၊ ရုပ်သေးနှင့်လူ ကကြိုးတူ၊ အင်းဝ ခေတ်ယိမ်းအက၊ သစ္စာတူပြိုင်ချစ် မဏ္ဍိုင် နှစ်ပါးသွား၊ ရုပ်သေးဇော် ပြိုင်အက၊ ကကြိုးစုံစွာ ပတ်မဆစ်တစ်ရာ၊ တိုင်းရင်းသားယိမ်းအက တို့ဖြင့် အဖွင့်တေးသီချင်းများ၊ အကပဒေသာ၊ နှစ်ပါးသွားနှင့် ယိမ်းအကစုံလင်စွာဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

**သီဆိုဖျော်ဖြေ**

တစ်ဆက်တည်းမှာပင် ဖောင်ကြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ သင်တန်းသူ သင်တန်းသားများက လည်း ကာရာအိုကေသီချင်းများ သီဆိုယှဉ်ပြိုင်ကြပြီး **(အပေါ်ပုံ)** မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက ပွဲ့ကိုင်ရှင်၊ ညီလေး၊ ကိုယ့်အတွက် အိပ်မက်မင်းမက်လား၊ မန်းတောင်ရိပ်ခို(မြနန္ဒာ) သီချင်းတို့ဖြင့် မြူးကြွဝေဆာသော သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ကြည့်ရှုအားပေးသူတို့၏ လက်ခုပ်သံများ ခန်းမအတွင်း လွှင့်ပျံ့ခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ "သီချင်းများ ပေါင်းစပ်တစ်ခန်းရပ်" တေးသရုပ်ဖော် အစီအစဉ်ဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြပြီး နမ်းမှာလား၊ ပေါက်နေပြီ၊ ကော်ဖီခါးခါး၊ ကိုယ်ရံတော်၊ မာယာ၊ စပါကလင်အချစ်၊ ယုံပါ၊ ကိုကိုချစ်၊ ပေါင်ချိန်စက်၊ ဂျင်းပင်ပြာ၊ ကိုကြီး ကိုကြီး၊ ညမွှေးပန်း၊ လတ်တီး စသည့် နာမည်ကြီးခေတ်ပေါ် တေးသီချင်းများဖြင့် မြူးကြွစွာ သီဆိုဖျော်ဖြေကြရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ အထူးနှစ်ခြိုက် အားပေးကြကာ စိတ်လက်ပေါ့ပါးစွာဖြင့် တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအဖွဲ့များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံဟာသပညာ ရှင်များ အစည်းအရုံး(ဗဟို)မှ နာယကနှင့် ဒုဥက္ကဋ္ဌတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ကာရာအိုကေသီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ဖျော်ဖြေရေး အစီအစဉ်တွင် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဦးငြိမ်းချမ်းနှင့် ဦးအုန်းသီးတို့က အစီအစဉ်တင်ဆက်သူများအဖြစ် အားဖြည့် ပါဝင်ခဲ့ကြသည်။

**ဓာတ်ပုံ - ကနူး၊ ညိမ်းသူ**
**မောင်သီဟ(သတင်းစဉ်)**

# နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နတ်မောက် မတ် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ်သည် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အဓိကစိုက်ပျိုးသည့် မြို့နယ်ဖြစ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တောင်သူများအနေဖြင့်လည်း နွေထယ်ရေးခံခြင်းနှင့် သဘာဝမြေဩဇာဖြစ်သည့် နွားချေးချခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆီဖူလုံမှုရရှိပြီး ပြည်ပမှ ဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် သက်ဆိုင်ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိရာ နတ်မောက်မြို့နယ်အနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာသီးနှံများ ပန်းတိုင် အထွက်နှုန်း တိုးတက်စေရန် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။

"ဆီထွက်သီးနှံ ပန်းတိုင် အထွက်နှုန်း တိုးတက်စေရေး အတွက် ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်တဲ့ ဧရိယာတွေက ကျေးရွာအုပ်စုတွေ၊ တောင်သူတွေကို ရွေးချယ်ပြီး ဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မျိုးမြှင့်တင်ရေး လုပ်ငန်းတွေ၊ မျိုးသန့်စင်ပြီး ဗီဇ ပြန်လည်မြှင့်တင်ခြင်း လုပ်ငန်းတွေ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝမြေဩဇာ အသုံးပြုပုံနဲ့ သဘာဝမြေဩဇာ ပြုလုပ်ပုံ နည်းစနစ်တွေကို တောင်သူတွေထံ စိုက်ပျိုးရေး အသိပညာပေးခြင်း လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူများ အနေနဲ့လည်း သဘာဝမြေဩဇာ ထည့်သွင်းခြင်း၊ မြေယာပြုပြင်ခြင်း နည်းလမ်းတွေ၊ ရေရရှိရေးနည်းလမ်းတွေကို ပူးပေါင်းဆောင်ရွက်ဖို့ လိုပြီး ဆီထွက်သီးနှံ အထွက်နှုန်း တိုးတက်စေရေးမှာ ရာသီဥတုနဲ့လည်း အများကြီးသက်ဆိုင်တဲ့ အတွက် ရာသီဥတုပူပြင်းတဲ့ အချိန်မှာ ဖြည့်စွက်ရေသုံးနိုင်အောင်၊ ဆိုလာစနစ်တွေအသုံးပြုပြီး ရေသွင်း ရေဖျန်းနိုင်အောင်နဲ့ အဓိကကတော့ ရေရရှိနိုင်မယ့်



နေရာတွေမှာ ဖြည့်စွက်ရေပေးနိုင်အောင် စီမံဆောင်ရွက်ထားသင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မြေပဲ ၄၈၆၆၇ ဧက စိုက်ပျိုးပြီး ၃၁၉၆၉၂၄ တင်းထွက်ရှိနိုင်ရေး၊ နှမ်း ၁၉၉၆၀၆ ဧက စိုက်ပျိုးပြီး ၃၂၁၁၀၂၉ တင်းထွက်ရှိနိုင်ရေးနှင့် နေကြာ ၄၃၉၉၅ ဧက စိုက်ပျိုးပြီး ၅၉၁၂၄၄ တင်းထွက်ရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယမန်နှစ် စိုက်ပျိုးရာသီတွင် နတ်မောက်မြို့နယ်အနေဖြင့် ဆီထွက်သီးနှံဧကပေါင်း ၂၇၇၈၉၃ ဧက စိုက်ပျိုးခဲ့ပြီး ၅၂၅၈၅၄ တင်းထွက်ရှိခဲ့ကြောင်းနှင့် မြို့နယ်၏ လူဦးရေအချိုးအရ ဆီဖူလုံမှု ရာခိုင်နှုန်းမှာ ၄၅၄ ရာခိုင်နှုန်းရှိပြီး စားသုံးဆီဖူလုံပိုလျှံသော မြို့နယ်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေး ငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**
- **အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းကာကွယ်ရေး

ကျော်နိုင်ဦး (ပတ်ဝန်းကျင်)

**Wildlife ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရထဲမှာ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင် (Fauna and Flora) နှစ်မျိုးစလုံး အကျုံးဝင်ပါတယ်။ တောရိုင်းတိရစ္ဆာန်ဆိုတာ နေရင်းဒေသမှာ သဘာဝအတိုင်း ပေါက်ဖွားကျက်စားလေ့ရှိတဲ့ ဒါမှမဟုတ် နေရင်းဒေသကနေ တခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးနဲ့ရောက်ရှိနေတဲ့ တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနဲ့ ရေနေသတ္တဝါတွေကို ဆိုလိုတာဖြစ်ပါတယ်။ သဘာဝအပင်ဆိုတာကတော့ နေရင်းဒေသအတွင်းမှာ သဘာဝအတိုင်း ပေါက်ရောက်နေတဲ့ အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနဲ့ ရေအောက်မှာရှိတဲ့ အပင်တွေအားလုံးပဲ ဖြစ်ပါတယ်။**

ဇီဝမျိုးစုံမျိုးကွဲဆိုတာကတော့ ကမ္ဘာပေါ်မှ ဇီဝကွဲပြားမှုအမျိုးမျိုးကို ဆိုလိုတာဖြစ်ပြီး အပင်တွေ၊ သတ္တဝါတွေ၊ သေးငယ်တဲ့ အဏုဇီဝရုပ်တွေရဲ့ သက်ရှိလက္ခဏာပုံစံအမျိုးမျိုးနဲ့ အဲဒီသက်ရှိတွေ ပါဝင်နေတဲ့ ဂေဟစနစ်တွေဖြစ်ပါတယ်။ ဂေဟစနစ်ရဲ့ အကျဉ်းချုပ်အဓိပ္ပာယ်ကတော့ သက်ရှိ(အပင်နဲ့ တိရစ္ဆာန်)တွေနဲ့ သက်မဲ့ရုပ်ဝတ္ထု (ရေ၊ မြေ၊ လေ၊ အပူချိန်၊ စိုထိုင်းဆ စသည်)တွေ တစ်ခုနဲ့တစ်ခု ညီညွတ်မျှတစွာ အပြန်အလှန်ဆက်နွယ်ပေါင်းယှက်နေတဲ့ သဘာဝစနစ်ကို ခေါ်ဆိုတာပဲ ဖြစ်ပါတယ်။

### Wildlife တွေရဲ့ အရေးပါပုံ

Every living things is connected ဆိုတဲ့ စကားအတိုင်း သက်ရှိတွေအားလုံးဟာ ဆက်နွယ်ပတ်သက်နေကြပါတယ်။ သက်ရှိမျိုးစိတ် တစ်ခုတလေ မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ရင်တောင် ဂေဟစနစ်တစ်ခုလုံးအပေါ်မှာ ဆိုးကျိုးသက်ရောက်စေနိုင်ပါတယ်။ ဥပမာ ပျားမျိုးစိတ်တွေ ဒီကမ္ဘာပေါ်မှာမရှိတော့ရင် သဘာဝဝတ်မှုန်ကူးခြင်းဆိုတာ မရှိနိုင်တော့ပါဘူး။ ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝနေပါမှ ကျန်းမာတဲ့ဂေဟစနစ်ကို ရရှိပိုင်ဆိုင်မှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေတဲ့ အစားအစာတွေအားလုံးရဲ့ မူလရင်းမြစ်ဟာ အပင်နဲ့သတ္တဝါတွေကရတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အခြေခံစားဝတ်နေရေးဖြစ်တဲ့ အစားအစာ၊ အဝတ်အထည်နဲ့ အမိုးအကာတွေရဖို့ အပင်နဲ့သတ္တဝါမျိုးစိတ်ပေါင်း ၄၀၀၀၀ ကျော်ကို အသုံးပြုနေရပါတယ်။ ကျန်းမာရေးအတွက် မှီဝဲနေရတဲ့ ပဋိဇီဝဆေးတွေဟာ သဘာဝတောရိုင်းတိရစ္ဆာန်နဲ့ အပင်တွေကပဲ ရရှိနေတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ သူတို့ရဲ့ စီးပွားရေးကို တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေအပေါ်မှာ မှီခိုနေကြရပါတယ်။ ကောင်းမွန်တဲ့ဂေဟစနစ်အနီးမှာ နေထိုင်ရခြင်းဟာ ကျွန်ုပ်တို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပိုမိုကောင်းမွန်စေပါတယ်။

ဒါ့အပြင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်တွေဟာ လေနဲ့ရေကို သန့်စင်ပေးနိုင်ပြီး သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ရေလွှမ်းမိုးတာ၊ မုန်တိုင်းတိုက်ခတ်တာနဲ့ မြေဆီလွှာတိုက်စားမှုတွေ လျော့နည်းအောင် ကာကွယ်ပေးနိုင်သလို ရာသီဥတုမျှတအောင် ထိန်းညှိပေးနိုင်ပါတယ်။ ဒါတင်မကသေးဘဲ ဝတ်မှုန်ကူးခြင်းနဲ့ အစေ့များပျံ့လွင့်စေနိုင်ခြင်း၊ အနားယူအပန်းဖြေနိုင်ခြင်း၊ သဘာဝပသာဒအလှအပများ ပေးစွမ်းနိုင်ခြင်းစတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ အကျိုးကျေးဇူးတွေကိုလည်း ရရှိစေနိုင်ပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ ထိန်းသိမ်းကာကွယ်ထားတဲ့နေရာတွေမှာ ကမ္ဘာ့ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေတာ အမှန်ပဲ ဖြစ်ပါတယ်။

### Wildlife တွေ ကြွယ်ဝမှုအခြေအနေ

ကမ္ဘာပေါ်မှာ ရှင်သန်တည်ရှိနေတဲ့ အပင်နဲ့သတ္တဝါမျိုးစိတ်တွေရဲ့အရေအတွက်ကို ယခုအချိန်အထိ တိတိကျကျ မသိရှိနိုင်သေးပါဘူး။ ခန့်မှန်းခြေအရ မျိုးစိတ်ပေါင်း ၁၄ သန်းခန့်ရှိမယ်လို့ ခန့်မှန်းထားကြပြီး ၎င်းတို့အနက်မှ ၁ ဒသမ ၇၅ သန်းခန့်ကိုသာ အမျိုးအမည်ခွဲခြားနိုင်ပါသေးတယ်။ မြန်မာနိုင်ငံမှာဆိုရင် တောင်တန်းဂေဟစနစ်၊ အပူပိုင်းဂေဟစနစ်၊ သစ်တောဂေဟစနစ်၊ ကုန်းတွင်းရေဝပ်ဒေသဂေဟစနစ်၊ ပင်လယ်နှင့် ကမ်းရိုးတန်းဂေဟစနစ်နဲ့ ဒီရေတောဂေဟစနစ် စတဲ့ဂေဟစနစ်အမျိုးအစားတွေ စုံလင်စွာတည်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲတွေလည်း ပေါကြွယ်ဝလှပါတယ်။ အခြားနိုင်ငံတွေမှာ မတွေ့ရှိရဘဲ မြန်မာနိုင်ငံမှာသာတွေ့ရှိရတဲ့ မြန်မာ့ဒေသရင်းဖွား အပင်နဲ့သတ္တဝါများစွာလည်း ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ မုတ္တမကွေ့နဲ့ ရခိုင်ပြည်နယ်နံ့သာကျွန်းတွေမှာဆိုရင် အစာရေစာပေါများပြီး ရာသီဥတုကောင်းမွန်တဲ့အတွက် မိုင်ထောင်ချီကွာဝေးတဲ့ အခြားနိုင်ငံတွေကနေ လာရောက်ဆောင်းခိုကြတဲ့ ဆောင်းခိုငှက်တွေတောင် ရှိကြပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း တောင်တန်းတွေကနေ မြေပြန့်နဲ့ကမ်းရိုးတန်းတွေအထိ နိုင်ငံရဲ့ ကြွယ်ဝလှတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်သယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဟာ နိုင်ငံတော်နဲ့နိုင်ငံသားတိုင်းရဲ့တာဝန် ဖြစ်ပါတယ်။

### မျိုးသုဉ်းပျောက်ကွယ်လာခြင်း

တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ မျိုးသုဉ်းပျောက်ကွယ်လာရတာဟာ အဓိက ခြိမ်းခြောက်မှုကြီးနှစ်ခုကြောင့် ဖြစ်ပါတယ်။ ပထမတစ်ခုက Habitat လို့ခေါ်တဲ့ နေရင်းဒေသတွေ လျော့နည်းလာတာကြောင့် ဖြစ်ပါတယ်။ အဲဒီလို နေရင်းဒေသတွေလျော့နည်းလာရခြင်းရဲ့ အကြောင်းရင်းတွေကတော့ သစ်တောတွေပြုန်းတီးလာတာ၊ မြေအသုံးချမှုတွေ ပြောင်းလဲလာတာ၊ ဓာတ်သတ္တုတွေ အလွန်အကျွံတူးဖော်ထုတ်လုပ်တာ၊ လေထုနဲ့ ရေထုတွေညစ်ညမ်းလာတာ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်လာတာ စတာတွေဖြစ်ပါတယ်။

ဒုတိယတစ်ချက်က တောရိုင်းတိရစ္ဆာန်တွေကို အလွန်အကျွံ ဖမ်းဆီးသတ်ဖြတ်တာနဲ့ တရားမဝင် ရောင်းဝယ်ဖောက်ကားတာတွေကြောင့် မျိုးသုဉ်းပျောက်ကွယ်မှုတွေ ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ တောရိုင်းတိရစ္ဆာန်တွေကို တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဟာ နှစ်စဉ် ဒေါ်လာဘီလီယံနှင့်ချီရှိနေကြောင်း သိရှိရပါတယ်။ နိုင်ငံတကာမှာ အကြီးမားဆုံးပြစ်မှုတွေက မူးယစ်ဆေးဝါး၊ လက်နက်ရောင်းဝယ်မှုနှင့် လူကုန်ကူးမှုတွေဖြစ်ပြီး တောရိုင်းတိရစ္ဆာန်တွေ တရားမဝင်ရောင်းဝယ်မှုဟာ စတုတ္ထမြောက် ပြစ်မှုအကြီးဆုံးအဖြစ် သတ်မှတ်ထားကြပါတယ်။ ကမ္ဘာပေါ်မှာ နေ့စဉ် အပင်နဲ့သတ္တဝါ မျိုးစိတ်အမျိုးအစားပေါင်း ၁၅၀ ကျော် မျိုးသုဉ်းပျောက်ကွယ်နေပြီး နှစ်စဉ် မျိုးစိတ်အမျိုးအစားပေါင်း ၅၅၀၀၀ ခန့် လျော့နည်းပျောက်ကွယ်နေရပါတယ်။

### ထိန်းသိမ်းကာကွယ်ကြပါစို့

မြေကမ္ဘာအိမ်ဂေဟာကြီးထဲမှာ လူသားနဲ့ အပင်တွေ၊ သတ္တဝါတွေဟာ သဟဇာတကျကျ ညီညွတ်မျှတစွာနဲ့ နေထိုင်ကြပါမှ အရှည်တည်တံ့တဲ့ ကမ္ဘာမြေ ဖြစ်ပါမယ်။ ထိုသို့မဟုတ်ရင် ကမ္ဘာမြေရဲ့ဂေဟစနစ် ပျက်စီးကာ လူသားတွေအပါအဝင် သက်ရှိတွေ ရှင်သန်ရပ်တည်ရေး ခက်ခဲသွားပါလိမ့်မယ်။ Mutu-alism လို့ခေါ်တဲ့ ဘုံအကျိုးတူပူးပေါင်းနေထိုင်တဲ့ ဂေဟစနစ်ထဲမှာ အဓိကမျိုးစိတ်တွေ ပျက်သုဉ်းကုန်ရင် အဲဒီဂေဟစနစ်လည်း ပျက်သုဉ်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအခါ ဂေဟစနစ်ရဲ့ သဘောတရားအရ သက်ရှိတွေအားလုံးဟာ ဆင့်ကဲဆင့်ကဲဆိုသလို အနှေးနဲ့အမြန် ပျက်သုဉ်းပျက်စီးသွားတတ်ပါတယ်။ Genetic Diversity လို့ခေါ်တဲ့ မျိုးရိုးဗီဇစုံလင်ခြင်းကြောင့်သာ သက်ရှိသက်မဲ့အားလုံးဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန်အမှီသဟဲပြု ရှင်သန်နေထိုင်နိုင်ခြင်း ဖြစ်ပါတယ်။ သူ့အသိုက်အအုံကိုဖျက်ဆီးရင် ကိုယ့်အသိုက်အအုံလည်း ပျက်စီးရမှာ ဓမ္မတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဂေဟစနစ်တွေ သဘာဝအတိုင်း အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ဖို့နဲ့ ကြွယ်ဝလှတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သဘာဝထိန်းသိမ်းရေးနယ်မြေတွေဖြစ်တဲ့ အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သဘာဝကြိုးဝိုင်း၊ သိပ္ပံကြိုးဝိုင်း၊ ဒေသခံအစုအဖွဲ့ ထိန်းသိမ်းရေးနယ်မြေတွေ ဖွဲ့စည်းတည်ထောင်ထားရှိပါတယ်။

ချမှတ်ထားရှိတဲ့ သစ်တောကဏ္ဍ နှစ် ၃၀ ပင်မစီမံကိန်းမှာဆိုရင် သဘာဝနယ်မြေတွေကို နိုင်ငံတော်ဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းတည်ထောင်ဖို့ သတ်မှတ်ထားပါတယ်။ ယနေ့အထိ သဘာဝနယ်မြေ ၄၅ ခု ဖွဲ့စည်းတည်ထောင်ထားပြီး နိုင်ငံဧရိယာရဲ့ ၅ ဒသမ ၈၅ ရာခိုင်နှုန်း ရှိပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၉၄ ခုနှစ်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းထားရှိခဲ့ပြီး ဖြစ်ပါတယ်။




### လက်ဆင့်ကမ်းအမွေ

တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေဟာ လက်ရှိလူသားတွေနဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် အဖိုးမဖြတ်နိုင်တဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေဖြစ်လို့ ဒါတွေကို ကမ္ဘာမြေပေါ်မှာ မပျောက်မပျက် ရေရှည်တည်တံ့နေအောင် အစိုးရအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ အထူးလိုအပ်ပါတယ်။ သို့မှသာ သက်ရှိတွေရှင်သန်နေထိုင်ရာ တစ်ခုတည်းသော ကမ္ဘာမြေကြီးဟာ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ဂေဟစနစ်တွေရရှိပြီး အနာဂတ်လူသားတွေအတွက် ပျော်ရွှင်စရာကမ္ဘာမြေအဖြစ် လက်ဆင့်ကမ်းအမွေ ပေးအပ်နိုင်ကြမှာ ဖြစ်ပါကြောင်း အလေးအနက်တိုက်တွန်းတင်ပြရင်း ၂၀၂၄ ခုနှစ် မတ်လ ၃ ရက်မှာ ကျရောက်တဲ့ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ထိန်းသိမ်းရေးနေ့ (World Wildlife Day, 2024) ကို ဂုဏ်ပြုကြိုဆိုအပ်ပါတယ်။ ။

**❂ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ မျိုးသုဉ်းပျောက်ကွယ်လာရတာဟာ အဓိက ခြိမ်းခြောက်မှုကြီးနှစ်ခုကြောင့် ဖြစ်ပါတယ်။ ပထမတစ်ခုက Habitat လို့ခေါ်တဲ့ နေရင်းဒေသတွေ လျော့နည်းလာတာကြောင့် ဖြစ်ပါတယ်။ အဲဒီလို နေရင်းဒေသတွေလျော့နည်းလာရခြင်းရဲ့ အကြောင်းရင်းတွေကတော့ သစ်တောတွေပြုန်းတီးလာတာ၊ မြေအသုံးချမှုတွေ ပြောင်းလဲလာတာ၊ ဓာတ်သတ္တုတွေ အလွန်အကျွံတူးဖော်ထုတ်လုပ်တာ၊ လေထုနဲ့ရေထုတွေ ညစ်ညမ်းလာတာ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်လာတာ စတာတွေဖြစ်ပါတယ်**

**❍ ဒုတိယတစ်ချက်က တောရိုင်းတိရစ္ဆာန်တွေကို အလွန်အကျွံဖမ်းဆီးသတ်ဖြတ်တာနဲ့ တရားမဝင် ရောင်းဝယ်ဖောက်ကားတာတွေကြောင့် မျိုးသုဉ်းပျောက်ကွယ်မှုတွေ ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်**

# ဟေဒါအလီယက်၊ အဇာဘိုင်ဂျန်၏ မကြွေသည့်ကြယ် စာအုပ်ထွက်ရှိ

**နေပြည်တော် မတ် ၂**


စာရေးသူရွှေအိုလတ် (Shwe O Latt) မြန်မာပြန်ဆိုသည့် ဟေဒါအလီယက်၊ အဇာဘိုင်ဂျန်၏ မကြွေသည့်ကြယ်စာအုပ်ကို Myanmar Heritage စာအုပ်တိုက်မှ ထုတ်ဝေလိုက်ပြီဖြစ်သည်။

"ဟေဒါအလီယက်၊ အဇာဘိုင်ဂျန်၏ မကြွေသည့်ကြယ်" စာအုပ်သည် ကော့ကေးဆပ်တောင်ပိုင်း၏ အစိတ်အပိုင်းအဖြစ် ကက်စပီယန်ပင်လယ်ကို မေးတင်နေသော၊ ဥရောပအရှေ့ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်း၏ နယ်သတ်တိုင်းပြည်ဖြစ်သော ရုရှားဖက်ဒရေးရှင်း၏ အရှေ့တောင်ဘက်ရှိ အဇာဘိုင်ဂျန်နိုင်ငံ၏ သမ္မတဟေဒါအလီယက်၏ အကြောင်းကို မြန်မာဘာသာပြန်ဆိုထားသည့် စာအုပ်ဖြစ်သည်။

ဟေဒါအလီယက်ကို ဖခင်မီးရထားဝန်ထမ်း၊ မိခင်ရိုးရာအရပ်သူအိမ်ရှင်မတို့က မွေးဖွားခဲ့ပြီး လုံခြုံရေးဝန်ထမ်းဘဝမှသည် ဆိုဗီယက်ခေတ်၏ အဇာဘိုင်ဂျန် ကေဂျီဘီအဖြစ် နှစ်ပေါင်းသုံးဆယ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဆိုဗီယက် ယူနီယံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ဆိုဗီယက်ပြည်ထောင်စုဝန်ကြီးများကောင်စီ၏ ပထမဒုဥက္ကဋ္ဌရာထူးအထိ သူ တက်လှမ်းနိုင်ခဲ့သည်။ သို့သော် မစ်ခေးဂေါ်ဘာချော့ဗ်လက်ထက်၌ ဟေဒါအလီယက် "အရာကျ" ခဲ့သည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် ဆိုဗီယက်လောင်းရိပ်အောက်မှ လွတ်လာခါစ အဇာဘိုင်ဂျန် သမ္မတနိုင်ငံသည် တိုင်းပြည်ပြိုကွဲလုနီးနီး အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။ ထိုအချိန်တွင် အဇာဘိုင်ဂျန်ပြည်သူများက သူ့ကို လွတ်လပ်သော အဇာဘိုင်ဂျန်နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ သူသည် ဝါဒစွဲအခြေခံအစားအမျိုးသားနိုင်ငံတော်အပေါ် အခြေပြုလျက် အဇာဘိုင်ဂျန်တည်ဆောက်ရေး ဟာမိုနီအဖြစ် စည်းချက်ကျကျ ပြောင်းလဲခဲ့သည်။

ဤစာအုပ်တွင် သမ္မတဟေဒါအလီယက်၏ နိုင်ငံရေးဖြတ်သန်းမှု၊ ဆိုဗီယက်ယူနီယံပြည်ထောင်စုခေတ်ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များ၊ တစ်ပါတီစနစ်မှသည် ဒီမိုကရေစီသို့ အကူးအပြောင်း ကဏ္ဍပေါင်းစုံမှ စိန်ခေါ်မှုများ၊ သဘာဝသယံဇာတရောင်းချခြင်းနှင့် အနာဂတ်မျိုးဆက်အတွက် ချိန်ညှိပေးခဲ့ပုံစသည်တို့ကို အခန်းပေါင်း ၁၃ ခန်း စာမျက်နှာ ၄၈၀ ကျော်ဖြင့် ဝေဝေဆာဆာ ပြည့်ပြည့်စုံစုံဖော်ပြထားသည့်အပြင် ဟေဒါအလီယက်၏ဘဝနှင့် ဆောင်ရွက်ချက် နေ့စွဲမှတ်တမ်းကိုလည်း ဖော်ပြထားသည်။




**မြန်မာ့အလင်း**

# ရန်ကုန်မြောက်ပိုင်းခရိုင် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာအုပ်လှူဒါန်း

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အုပ်စုတွင် ပါဝင်သော အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးခရိုင်များရှိ မြို့နယ် ကိုးမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံခြင်း၊ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ) ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ - တောင်တွင်းကြီး) ရပ်ကွက်/ကျေးရွာများရှိ စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်ရေးနှင့် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ စာပေဥယျာဉ် အသင်းနာယက ဦးရန်နောင် (ရန်နောင်-ပညာရေး) တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်လှူဒါန်းသော စာအုပ်/စာစောင်များကို မြို့နယ်ကိုးခုရှိ ရပ်ကွက်/ ကျေးရွာ စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းသည်။ ယင်းနောက် တိုက်ကြီးမြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်စန်းကလျာခိုင်က ထိုသို့လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**



# အုတ်တွင်းမြို့နယ် စာစစ်ဌာန လေးခုတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်များ ထုတ်ပေးလျက်ရှိ

**အုတ်တွင်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ စာစစ်ဌာနလေးခုတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ကာ ဖြေဆိုခွင့်ကတ်များ ထုတ်ပေးလျက်ရှိသည်။ **(ဓာတ်ပုံ)**

အုတ်တွင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်ဖြေဆိုမည့် စာစစ်ဌာနလေးခုရှိပြီး အုတ်တွင်း(အထက) တွင် ၁၂၄ ဦး၊ ကျွဲပွဲ(အထက)တွင် ၂၃၂ ဦး၊ တပ်နယ်(အထက)တွင် ၁၀၃ ဦးနှင့် ထန်းကုန်း(အထက)တွင် ၅၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၁၆ ဦး တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဘာသာတွဲများအလိုက် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စာစစ်ဌာနများအလိုက် ဖြေဆိုခွင့်ကတ်များကို စာမေးပွဲဖြေဆိုချိန်မတိုင်မီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များ ထုတ်ယူရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ၊ ရပ်ကွက်ထောက်ခံစာမူရင်းများ ယူဆောင်လာကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် မတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၇၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၀ ဒီဂရီဖာရင်ဟိုက်မှ ၆၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၂ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် (၂၈ မီလီမီတာ)မှ (၃၈ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၉ မီလီမီတာ)မှ (၄၉ မီလီမီတာ)အတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၅၀ မီလီမီတာ)မှ (၆၀ မီလီမီတာ)အတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီး ရှိနိုင်ပါသည်။

**မိုး/ဇလ**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှုသွင်း၊ လေသန့်ရှင်း မခြွင်းရမှာ၊ တောကသာ**

# တောင်ရိုးတိုင်းရင်းသားတွေ ဆုံစည်းရာ တောင်ရိုးအမျိုးသားနေ့ပွဲတော်ဆီ သွားလည်ကြမယ်

■ ယဉ်လာဒ်၊ ခတ်ပုံ – Taung Yoe Media

ရှမ်းပြည်နယ်(တောင်ပိုင်း)က မြို့နယ်တွေမှာ နှစ်စဉ်ရိုးရာမပျက် ကျင်းပလေ့ရှိတဲ့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ဆုံစည်းရာနေ့လို့ ခေါ်ဆိုနိုင်တဲ့ တောင်ရိုးအမျိုးသားနေ့ အခမ်းအနားကို မကြာခင် ကျင်းပတော့မှာ ဖြစ်ပါတယ်။ ဒီနေ့ဟာ အနယ်နယ်အရပ်ရပ်မှာ ရောက်ရှိနေကြတဲ့ တောင်ရိုးတိုင်းရင်းသားတွေ ဆုံစည်းကြတဲ့ ပွဲတော်နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ နှစ်စဉ် တပေါင်းလဆန်း ၃ ရက်နေ့တိုင်း ကျင်းပလေ့ရှိပြီး ဒီနှစ်မှာတော့ ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု ဘော်နင်း ဘုန်းတော်ကြီးကျောင်းထဲမှာ ကျင်းပမှာဖြစ်တယ်လို့ တောင်ရိုးစာပေနဲ့ ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးသောင်းရွှေက စာရေးသူကို ပြောပါတယ်။



(၁၄)ကြိမ်မြောက် ကျင်းပခဲ့သည့် တောင်ရိုးအမျိုးသားနေ့ အခမ်းအနားမှ မြင်ကွင်းများ။

### ကျေးရွာတွေမှာ ကျင်းပ

ဒီနှစ် အခမ်းအနားကျင်းပမယ့် ဘော်နင်းကျေးရွာဟာ ကလောမြို့ကနေ ၂၆ မိုင် ကွာဝေးပါတယ်။ အရင်တုန်းကတော့ တောင်ရိုးတိုင်းရင်းသားတွေ နေထိုင်ကြတဲ့ ကျေးရွာတွေမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ပထမဆုံး ကျင်းပခဲ့တာကတော့ ပင်လောင်းမြို့နယ်ထဲက ဆည်ခေါင်းကျေးရွာမှာ ကျင်းပခဲ့တာဖြစ်ပြီး နှစ်စဉ်တောင်ရိုးအမျိုးသားနေ့ကို ကျေးရွာတွေမှာ ကျင်းပပါတယ်။

"ကျွန်တော်တို့ ဘော်နင်းကျေးရွာက ဟဲဟိုးနဲ့ဆိုရင် ငါးမိုင်လောက် ကွာဝေးပါတယ်။ မတ်လ ၁၁ ရက်နဲ့ ၁၂ ရက်နေ့မှာ ကျွန်တော်တို့ရွာမှာ ကျင်းပမှာဖြစ်ပါတယ်။ ရွာမှာ ကျင်းပတာက အခုနှစ် အမျိုးသားနေ့နဲ့ဆိုရင် သုံးကြိမ်မြောက်ရှိပါပြီ"လို့ ဘော်နင်းကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူး ဦးညိုအေးက စာရေးသူကို ပြောတယ်။

### ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင်

ဘော်နင်းကျေးရွာဟာ တောင်ရိုးတိုင်းရင်းသားတွေပဲ နေထိုင်ကြတဲ့ ကျေးရွာဖြစ်ပြီး ဘော်နင်းကျေးရွာအုပ်စုအောက်မှာ ကျေးရွာပေါင်း ၂၂ ရွာ ရှိပါတယ်။ အဓိကတော့ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် ရည်ရွယ်ချက်နဲ့ အခုလို နှစ်စဉ်ကျင်းပနေတာ ဖြစ်ပါတယ်လို့ ဘော်နင်းကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးက ဆက်ပြောပြတယ်။

**ဒီဓလေ့တွေဟာ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ဖြစ်ပြီး ဟိုးအရင်ကတည်းက ရှိခဲ့ကြတာဖြစ်ပေမယ့် နောက်ပိုင်းကာလတွေမှာ ဒီရိုးရာဓလေ့ပွဲတွေကို သိပ်မကျင်းပတော့တာကြောင့် ရိုးရာဓလေ့တွေ မပျောက်ပျက်သွားအောင် လက်ဆင့်ကမ်းကျင်းပနိုင်ဖို့ လိုအပ်နေပါတယ်**

ရှမ်းပြည်နယ်အတွင်းမှာ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြပြီး တိုင်းရင်းသားတစ်ခုစီအလိုက် ရိုးရာဓလေ့နဲ့ ယဉ်ကျေးမှုကိုယ်ပိုင်ဟန်တွေ ရှိကြပါတယ်။ တောင်ရိုးအမျိုးသားနေ့ကို ကျင်းပခဲ့တာ ဒီနှစ်ဆိုရင် (၁၅)ကြိမ်မြောက်အထိ ရှိပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ကလော၊ အောင်ပန်း၊ ပင်းတယနဲ့ ပင်လောင်းတို့မှာ တောင်ရိုးတိုင်းရင်းသားလူဦးရေ ငါးသိန်းဝန်းကျင် နေထိုင်ကြပြီး တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ပွဲတော်တွေကို ကျင်းပလေ့ရှိပါတယ်။

### တောင်ရိုးတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များ

တောင်ရိုး တိုင်းရင်းသားတွေဟာ ရာသီအလိုက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး နှစ်စဉ် တန်ခူးလနဲ့ ကဆုန်လတွေမှာ ကျင်းပလေ့ရှိတဲ့ ရိုးရာဓလေ့ဖြစ်တဲ့ တာတက်ပွဲ (ခေါ်) မီးလုံးပွဲတော်ကို သင်္ကြန်အတက်နေ့အပြီး နောက်ရက်ကနေစတင်ပြီး ကဆုန်လကွယ်နေ့အထိတိုင်အောင် ကျေးရွာတိုင်းမှာ အလှည့်ကျ ကျင်းပလေ့ရှိပါတယ်။ ဒါ့အပြင် တောင်ရိုးတိုင်းရင်းသားတွေ ဟိုးယခင်ကတည်းက ကျင့်သုံးလာကြတဲ့ ချစ်စရာဓလေ့ဖြစ်တဲ့ လက်စားချို(လက်စားလျှို) လက်စားဆပ်ပွဲကိုလည်း ကျင်းပကြလေ့ရှိပါတယ်။

တောင်ရိုး တိုင်းရင်းသားတွေရဲ့ ချစ်စရာကောင်းတဲ့ နောက်ထပ် ရိုးရာဓလေ့တစ်ခုကတော့ ပဲလှော်ပေါက်ပွဲ ဖြစ်ပါတယ် ။ ပဲလှော်ပေါက်ပွဲကတော့ တာတက်ပွဲကို အကြောင်းပြုပြီး ပွဲတော်မှာ လူပျိုအပျို လှည့်ကြတာဖြစ်ပါတယ်။ တောင်ရိုးအမျိုးသားရဲ့ လွယ်အိတ်ထဲမှာ ပဲလှော်တွေကို ထည့်ထားပြီး ကိုယ်ချစ်ခင်တဲ့ တောင်ရိုးလုံမပျိုကို ပဲလှော်နဲ့ ပစ်ပေါက်ရတဲ့ ဓလေ့ဖြစ်ပါတယ်။ တောင်ရိုးအမျိုးသားက ပဲလှော်နဲ့ ပစ်ပေါက်တာကို လုံမငယ်ကလည်း ပြန်ပေါက်ရင် အပြန်အလှန် သဘောကျတယ်လို့ ဆိုရပါတယ်။ ပွဲတော်ပြီးသွားရင် သဘောကျတဲ့ လုံမငယ်တို့ရွာကို သွားရောက် လူပျိုအပျို လှည့်ကြရတာမျိုးဖြစ်ပါတယ်။ ဒါပေမယ့် လူပျိုအပျို လှည့်တဲ့အခါကျရင် ကိုယ်ပိုးပန်းတဲ့ ရွာက ကာလသားခေါင်းဆောင်ကို ခွင့်တောင်းပြီးမှသာ ပိုးပန်းရတာမျိုး ဖြစ်ပါတယ်။ ဒါကတော့ တာတက်ပွဲကို အကြောင်းပြုပြီး တောင်ရိုးတိုင်းရင်းသားတွေရဲ့ လူပျိုအပျိုလှည့်ကြတဲ့ ချစ်စရာရိုးရာဓလေ့တစ်ခု ဖြစ်ပါတယ်လို့ တောင်ရိုးစာပေနဲ့ ယဉ်ကျေးမှုအသင်းက အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဖိုးအောင်ငဲက စာရေးသူကို ပြောပြတယ်။ ယနေ့ကာလမှာ ပဲလှော်ပေါက်ပွဲဓလေ့ကို ကျင့်သုံးတာ သိပ်မရှိတော့ပေမယ့် ပင်းတယမြို့နယ်ထဲ နေထိုင်ကြတဲ့ တောင်ရိုးရွာတွေမှာတော့ ဒီရိုးရာဓလေ့တွေက ကျန်ရှိပါသေးတယ်လို့ ဆိုပါတယ်။

### လက်ဆင့်ကမ်းကျင်းပနိုင်ဖို့ လိုအပ်

ဒီဓလေ့တွေဟာ တောင်ရိုးတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ဖြစ်ပြီး ဟိုးအရင်ကတည်းက ရှိခဲ့ကြတာဖြစ်ပေမယ့် နောက်ပိုင်းကာလတွေမှာ ဒီရိုးရာဓလေ့ပွဲတွေကို သိပ်မကျင်းပတော့တာကြောင့် ရိုးရာဓလေ့တွေ မပျောက်ပျက်သွားအောင် လက်ဆင့်ကမ်းကျင်းပနိုင်ဖို့ လိုအပ်နေပါတယ်လို့ ဆည်ခေါင်းကျေးရွာမှာနေထိုင်သူ တောင်ရိုးတိုင်းရင်းသားတစ်ဦးကလည်း စာရေးသူကို ပြောပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ ခရီးသွား မြို့တော်တစ်ခုဖြစ်တဲ့ ကလောမြို့ကို ဒီကာလအတွင်းမှာ အလည်ရောက်ခဲ့ရင် တစ်နှစ်မှာ တစ်ကြိမ်သာ ကျင်းပပြီး အနယ်နယ်အရပ်ရပ်က တောင်ရိုး တိုင်းရင်းသားတွေကို စုံစုံလင်လင်နဲ့ တွေ့မြင်နိုင်တဲ့၊ တောင်ရိုးတိုင်းရင်းသားတွေ အထွတ်အမြတ်ထားကျင်းပကြတဲ့ တောင်ရိုးအမျိုးသားနေ့ အခမ်းအနားကို ဝင်ရောက်လေ့လာပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့နဲ့ ရိုးရာယဉ်ကျေးမှုတွေကို ထဲထဲဝင်ဝင် သိရှိလေ့လာနိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အဖြစ် ရေးသားဖော်ပြလိုက်ရပါတယ်။ ။




တောင်ရိုးတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များ။

တစ်အိမ်လုံးတွင်
မည်သူမျှ
မရှိနေချိန်၌
မလိုအပ်သော
လျှပ်စစ်အသုံးပြုမှု
အားလုံးကို
ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာသုံးစွဲပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ လူနေရပ်ကွက်အမှတ် (၃၈)၊ မြဝတီလမ်း၊ မြေကွက်အမှတ်-(၁၂၂၉)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ ပေ)ရှိ ဒေါ်ညွန့်ညွန့်သန်း အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) (မူရင်းခြမ်း) (၃၈ ရပ်ကွက် အားကစားကွင်းနှင့်ကပ်လျက်ဘက်အခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ Steel Structure နေအိမ်တစ်လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်သဲစုဝင်း (၁၂/ဒဂမ(နိုင်)၀၀၃၈၂၉)မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးအောင်မြင့်သိန်း | ဒေါ်ဖွန့်မေဒေး LL.B |
| (၁၂/တတန(နိုင်)၀၁၇၂၂၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀) |
| | အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| | ဖုန်း-၀၉၄၂၀၂၄၄၃၁၆ |




# ChasingDreams ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး မတ် ၂**

Chasing Dreams ကလပ်ပေါင်းစုံ ဖိတ်ခေါ် ဘတ်စကက်ဘော အမျိုးသား အမျိုးသမီး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ၅၅+၃၆ လမ်းရှိ အားကစားခန်းမ၌ကျင်းပရာ ပြိုင်ပွဲတွင် အမျိုးသားအကြီးတန်း ၁၂ သင်း၊ အမျိုးသားအငယ်တန်း ၁၁ သင်းနှင့် အမျိုးသမီး လေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ ဘတ်စကက်ဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရောဘတ်ချိုင်း၊ အတွင်းရေးမှူး ဦးသန်းထွေးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသားအကြီးတန်း ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် တတိယဆုရ MCity အသင်းအား ဆုငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုရ ပရီမီရန်ဂါဒန့်အသင်းအား ဆုငွေကျပ် ခုနစ်သိန်း၊ ပထမဆုရ ကောင်းဆုအောင်ကလပ်အသင်းအား ဆုငွေကျပ် ရှစ်သိန်းနှင့် အကောင်းဆုံးဆုရ ထွန်းခိုင် (ကောင်းဆုအောင်)အား ဆုငွေကျပ် ငါးသောင်းတို့ကိုလည်းကောင်း၊ အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် တတိယဆုရ Coraage ကလပ်အသင်းအား ဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ MCE ကလပ်အသင်းအား ဆုငွေကျပ် ခြောက်သိန်း၊ ပထမဆုရ TIG ကလပ်အသင်းအား ဆုငွေကျပ် ခုနစ်သိန်းနှင့် အကောင်းဆုံးဆုရ ရန်ရှိန်ယုံ(TIG)အား ဆုငွေကျပ် ငါးသောင်းတို့ကိုလည်းကောင်း။

အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ MCTA ကလပ်အသင်းအား ဆုငွေကျပ် လေးသိန်း၊ ဒုတိယဆုရ သွေ့သွေ့ကလပ်အသင်းအား ဆုငွေကျပ် သုံးသိန်းနှင့် အကောင်းဆုံးဆုရ မဝင်းဝင်းထက်(MCTA)အား ဆုငွေကျပ် ငါးသောင်းတို့ကို မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**



## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၁ နှင့် ၅ )**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀၂၄ခုနှစ် ၊ တရားမကြီးမှုအမှတ် -၉**

| ဒေါ်အင်ခွန်ဂျာခမ်း | နှင့် | ဦးလဖိုင်ဇော်ဆိုင်းလီ(ခ)ဇော်ဆိုင်းလီ |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ တိုက်ခန်းအမှတ် (၁ /၂)၊ (ကက်သလစ်တိုက်တန်း)နေ တရားပြိုင် ဦးလဖိုင်ဇော်ဆိုင်းလီ(ခ) ဇော်ဆိုင်းလီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အင်ခွန်ဂျာခမ်းက **"မြန်မာနိုင်ငံလင်မယားကွာရှင်းရေး ဥပဒေပုဒ်မ-၁၀အရ ထိမ်းမြားမှုကို ပယ်ဖျက်စေလိုမှု "** လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်)** မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုမာ)
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၂)၊ ဦးပိုင်အမှတ် (၆၇) /၅၇x၅၈ကြား၊ ၁၄၀.C လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်သိန်း ၉/ပကခ(နိုင်)၀၀၄၅၈၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၀၊ ဦးပိုင်အမှတ် (၇၃)၊ ၆၁ x ၆၀.B ကြား၊ ၁၂၉ x ၁၃၀ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးညီပု PGN-၁၀၁၃၂၉၊ ၉/မရတ(နိုင်)၀၄၈၃၈၇၏အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၆၄/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီလူရင် ၁၃/ဟပတ(နိုင်)၀၁၀၂၉၈ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)၊ ဦးပိုင် အမှတ်(၉၄-ခ)၊ မြေယာအမှတ်(၂၀၉/၂၂၅)၊ ဧရိယာ(၀.၉၇)ဧက အကျယ်အဝန်းရှိ ဒေါ်ချိုသာခင် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ မြေကွက်အမှတ်(B-1)၊ ဧရိယာ(၄၅ x ၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုသာခင် ၁၂/အစန(နိုင်)၀၆၅၅၅၈ ၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးမောင်မောင်လွင်(ဘ)ဦးမြအုန်း ၇/မလန(နိုင်)၀၆၄၄၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ဖြစ်ပါသဖြင့် ရောင်းကြေး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ -**
**ဒေါ်ခင်မြတ်ထွေး (LLB) ( LL.M ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၂၇)**
**၅၆လမ်းနှင့်၁၀၅လမ်းထောင့်၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း ၀၉-၄၀၂၅၄၇၄၉၀**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-
(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇**

| ဒေါ်ယမင်းဆုညီ | နှင့် | ဦးထွန်းမြင့် |
|---|---|---|
| တရားလို | | တရားပြိုင် |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သော်ကလမ်း၊ အိမ်အမှတ်(ဃ-၄/၅)နေ ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ်၌ ဒေါ်ယမင်းဆုညီက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပြည်လမ်းနှင့်ရွှေဟင်္သာလမ်းထောင့်၊ ရွှေဟင်္သာအဆင့်မြင့် အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(C2)၊ တိုက်ခန်းအမှတ်(၁၁၅)၊ (Block-C2#115)၊ (1100 Sqft)အကျယ်အဝန်းခန့်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ဌေးဌေးကြည် (၁၂/ကမရ(နိုင်)၀၀၅၈၅၅)၊ ဦးကောင်းမြတ် (၁၂/ကမရ(နိုင်)၀၅၆၇၀၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုထွေး (၇/ရတရ(နိုင်)၀၀၁၆၂၆)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၈၄-အီး/ဂျီ)၊ (၈)ခန်းတွဲ(၉)ထပ်မှ (PH)ထပ်၊ (A)ဘက်ခြမ်း(၁)ခန်း၊ ဧရိယာခန့်မှန်း(3475 Sq.ft) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးဉာဏ်လင်းဦး (၁၂/ပဘတ(နိုင်)၀၂၃၂၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းဖြူဖေါင်းနွံ့ (၁၃/ကတန(နိုင်)၀၅၈၈၃၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၈၄-အီး/ဂျီ)၊ (၈)ခန်းတွဲ(၉)ထပ်မှ (PH)ထပ်၊ (C)ဘက်ခြမ်း (၁)ခန်း၊ ဧရိယာခန့်မှန်း(3315 Sq.ft) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးဉာဏ်လင်းဦး (၁၂/ပဘတ(နိုင်)၀၂၃၂၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်ဆွေ (၉/မမန(နိုင်)၀၀၀၅၀၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆) |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅

| | | |
|---|---|---|
| ၁။ ဒေါ်ခေါန်အောင် | နှင့် | ၁။ ဦးကျားရှန်း(ခ)ဦးမင်းသူ |
| ၂။ ဒေါ်နန်အောင် | | ၂။ ဒေါ်ကြည်ကြည်ဝင်း |
| ၃။ ဦးခွန်ရိုန် | | ၃။ ဒေါ်အေးအေးဝင်း |
| ၄။ ဒေါ်ရွယ်ဒွဲ | | ၄။ ဒေါ်အားကျန်(ခ)ရင်ရင်မေ |
| ၅။ ဒေါ်လွမ်းတောင် | | ၅။ ဦးထွန်းအောင် |
| ၆။ ဦးကွမ်လီဆန်း (၎င်းကိုယ်တိုင်နှင့်(၂) (၃)တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | | ၆။ ဒေါ်ခင်ပြုံး |
| ၇။ ဒေါ်ကိုင်ဆိုင်း(၎င်းကိုယ်တိုင်နှင့်(၄)(၅) တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | | ၇။ ဒေါ်ရွှေရင် |
| **(တရားလိုများ )** | | **(တရားပြိုင်များ)** |

**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အမှတ်(မ-၇၄/၁)နေ (၁)တရားပြိုင်ဦးကျားရှန်း(ခ)ဦးမင်းသူ၊ (၂) တရားပြိုင် ဒေါ်ကြည်ကြည်ဝင်း၊ (၃) တရားပြိုင် ဒေါ်အေးအေးဝင်း၊ (၄)တရားပြိုင် ဒေါ်အားကျန်(ခ)ရင်ရင်မေ ( ယခု နေရပ်လိပ်စာမသိ) သိစေရမည်။**

သင်တို့အပေါ်၌ တရားလို ဒေါ်ခေါန်အောင် (ပါ-၇) ဦးက **အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စုစုမာ)
ဒုတိယခရိုင်တရားသူကြီး(၂)
မြစ်ကြီးနားခရိုင်တရားရုံး

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၄၂၅

| | | |
|---|---|---|
| ဒေါ်ဆွမ်းလွတ်လုဆန် | နှင့် | ၁။ ဒေါ်တင်နွဲ့ |
| | | ၂။ ဦးဝင်း(၁-အယူခံတရားပြိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ) |
| | | ၃။ ဒေါ်မြမြအုန်း |
| | | ၄။ ဗိုလ်မောင်မောင်ကျော် |
| | | ၅။ ဒေါ်အေးအေး |
| | | ၆။ ဒေါ်မွေးမွေး |
| | | ၇။ ဦးစိန်ကျော် |
| | | ၈။ ဒေါ်ဂျီဗီးယား |
| | | ၉။ ဒေါ်သီဂီဝင်း(ကိုယ်တိုင်နှင့် (၁)အယူခံတရားပြိုင်၏ အခွင့်ရ ကိုယ်စားလှယ်) |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၂၈/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၅၇)၊ (၃)လွှာနေ အယူခံတရားပြိုင် (၂) ဦးဝင်း (၁-အယူခံတရားပြိုင်၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင် မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ အမှတ်(၈၇)နေ အယူခံတရားပြိုင် (၄) ဗိုလ်မောင်မောင်ကျော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အယူခံတရားပြိုင် (၇) ဦးစိန်ကျော်ကွယ်လွန်သဖြင့် အမှုမှဖယ် ထုတ်ပေးရန် လျှောက်ထားမှုအပေါ် သဘောထားတင်ပြရန်နှင့်ပတ်သက်၍ သိစေရမည်။

ယခုအမှုတွင် အလုံခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈
## ကွယ်လွန်သူ ဦးဘို၊ ဒေါ်အေးစိန်တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာအုပ်စု၊ ကံသာကျေးရွာ၌နေထိုင်ခဲ့သော ကွယ်လွန်သူဦးဘို၊ ဒေါ်အေးစိန်တို့၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ကျင်ထွေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘို၊ ဒေါ်အေးစိန်တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကျင်ထွေး၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီဝင်း)
ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်- ၂၈၃)
## မင်းဘူးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂
## ကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာကျေးရွာ အုပ်စု၊ ကျောင်းတော် ရာမြို့သစ်ရပ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဦးမော်၏ဇနီး ဒေါ်အေးအေးမွန်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်အေးအေးမွန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ် ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်သူမိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**မင်းဘူးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က)၊ ဦးပိုင်အမှတ် (င/၅၂)/ရန်-မန်လမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးလှအုန်း (AMA-၀၉၅၆၀၆) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄/၁၉၉၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ဆွေ(AMA-၁၁၇၃၇၁)၉/အမရ(နိုင်)၀၃၅၃၆၁ က တောဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/20212 Honda Vario Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၅/ကဘလ(နိုင်) ၂၀၁၈၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/96934 Tvs Wego 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရှိန် ၁၂/မရက(နိုင်) ၀၉၃၁၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**


## စီးပွားရေးလုပ်ရန် လမ်းမတန်းရှာနေသူများအတွက် အချက်အချာကျ နေရာကောင်း ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ ငွေမကိုင်ဘဲ ပစ္စည်းကိုင်ပြီး တန်ဖိုးတက်လိုသူများအတွက် သုဝဏ္ဏလမ်းမတန်း၊ မျက်နှာစာ(၇၀')၊ ရှေ့နောက်(၉၀')၊ (၄၅' x ၅၀') 2RC တိုက်(၁)လုံး၊ (၁၂' x ၂၅') ဝန်ထမ်းအိမ်(၁)လုံး၊ Master bedroom(၃)ခန်း၊ Single bedroom(၅)ခန်း၊ Aircon(၁၄)လုံး၊ ကား(၆)စီးဆန့် ကားပါကင်ကျယ်၊ မိသားစုများများနဲ့ ကျယ်ကျယ်ဝန်းဝန်း နေထိုင်လိုသူများ၊ ရုံးခန်းဖွင့်လိုသူများ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။

**ကျပ်သိန်း (30,000)**

၂။ နေပြည်တော်၊ ထန်းတပင် VIP၊ ဟိုတယ်ဇုန်အရှေ့ရပ်၊ Max ဟိုတယ်ကပ်လျက်၊ နေရာကောင်း၊ ရွှေကြာပင်လမ်း၊ ကွန်ကရစ်လမ်းကျယ်၊ မျက်နှာစာ(၃)ဖက်၊ လမ်း(၂)ဖက်ပေါက်၊ မျက်နှာစာ(၂၅၀')၊ ရှေ့နောက်(၁၇၅')၊ မြေပိုပါ၊ နှစ်(၆၀)ဂရန်၊ ပတ်ဝန်းကျင်ကောင်း၊ ဆိတ်ငြိမ်ရပ်ကွက်။

**ကျပ်သိန်း (12,000)**

၃။ ချောင်းသာကားလမ်းမကြီးပေါ်၊ မျက်နှာစာ(၃)ဖက်၊ ထောင့်ကွက်၊ မြေအကျယ် (၄၀' x ၁၆၀')၊ အခန်း(၁၄)ခန်းပါ အဆင့်မြင့်တည်းခိုခန်း၊ လိုင်စင်ပါ၊ လုပ်ငန်းသုံး မီးစက်၊ Aircon၊ ပန်ကာ၊ Wifi ပါရှိပြီး လက်ရှိလည်ပတ်နေသော အဆင့်မြင့် တည်းခိုရိပ်သာ။

**ကျပ်သိန်း (10,000)**

၄။ ပဲခူးမြို့ VIP ရပ်ကွက်၊ မြေအကျယ်(၁၀၀' x ၁၀၀')၊ ဂရန်မြေ၊ တစ်ထပ်တိုက် (၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး အေးအေး ချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် ကိုယ်ပိုင်ခြံဝန်းနှင့် နေထိုင်လိုသူများအတွက်။

**ကျပ်သိန်း (990)**

**ဖုန်း-09-5178979,09-451146685,09-43022828,09-251790828,09-263699715**


## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၀-၂)၊ ဦးပိုင်အမှတ် (၁၅)၊ ၇၃ x ၇၄ကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဗိုလ်မှူး မြသိန်း ၇/ညလပ (နိုင်)၀၀၂၃ ၃၆(J/RGN-၀၂၂၄၉၅) ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၆၃၅၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇွဲစည်သူ ၇/ပမန(နိုင်)၁၃၇၁၈၆ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၄)၊ ဦးပိုင်အမှတ် (၅၇) ခဲစင်းတောင်ဘက်ခြမ်း/ ၇၀x၇၁ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိဂရန် မြေကွက်အမည်ပေါက်သူ ဒေါက်တာမီကီး (ခ) အာစီလစ်ဂျိ ၁/မကန(ဧည့်)၀၀၁၃၉၇ ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၂၅၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်း ခံရသူ ဒေါ်ရတနာမိုး ၉/မဟမ (နိုင်)၀၃၉၀၁၁ ကဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်း အဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/ 70224 Honda Click 110 ယာဉ်လက်ဝယ်ရှိသူNorth East Gate Fruit Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/3404 Dong Feng Tractor Head(6x4)L ယာဉ်လက်ဝယ်ရှိသူ High Class One Star Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၆)၊ ဦးပိုင်အမှတ် (၅)၊ ၆၀.A x ၆၀.B ကြား၊ ကနောင်မင်းသားကြီးလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကိုထွန်း ၉/မရမ(နိုင်)၀၂၄၆၆၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ် (၁၅၉/၃၃၀ + ၁၅၉/၂-ဠ)၊ ၈၄လမ်း၊ ၃၂ x ၃၃ လမ်းကြားရှိ ဒေါ်မေမေကြည် (အရွယ်မရောက်သေးသူ) စုမြတ်ဦး အုပ်ထိမ်းသူ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်မေမေကြည် ၉/မရမ(နိုင်)၀၁၇၉၅၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉/၂၀၀၅)ဖြင့် လွှဲအပ်ခြင်းခံရသူဒေါ်နန်း သန်းမော် ၉/မနမ(နိုင်)၀၂၃၇၅၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

## ပျောက်ဆုံးကြောင်း

ကျွန် မသဉ္ဇာဝင်း၁၃/ကတန(နိုင်)၁၇၃၄၈၁ ၏ ပတ်စ်ပို့နံပါတ် (MB-533072)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၃၃၇၃၇၀

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂-၃-၂၀၂၄ရက် နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ထာနွယ်ခင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အစား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇-က/ဒိုဘီကုန်း)၊ ဦးပိုင်အမှတ်(၂၇/က)၊ မြေကွက်အမှတ်(၃၅/၁၉၄)၊ မြေဧရိယာ(၀.၀၃၆)ဧကရှိမြေကွက်သည် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မိတ္ထီလာမြို့၏(၈-၅-၁၉၉၁)ရက် စွဲပါစာအမှတ် ၃၁/၂-၁/ကဆရ(၂၁၈)ဖြင့် မီးလောင်မြေနေရာတွင် နေအိမ်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန်အတွက် ဒေါ်အေးကြင်အမည်ဖြင့် မြေနေရာချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနေရာအား ဒေါ်အေးကြင်၏ ကိုယ်စားပြုသူ ဒေါ်နှင်းနွယ်ဝင်း(၉/မထလ(နိုင်)၂၁၇၆၅၂)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀) လူနေရပ်ကွက်အမှတ်(၁၄)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်-၃၆၁(က)ဟု ခေါ်တွင်သော အလျား (ပေ၂၀x အနံပေ ၆၀) အကျယ်အဝန်းရှိသော ဦးလှမြင့် (KMDE- ၀၀၉၂၁၃) အမည်ပေါက် မြေချပါမစ် မြေကွက်(၁)ကွက်၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀) လူနေရပ်ကွက်အမှတ်(၁၄)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်-၃၆၁(ခ)ဟု ခေါ်တွင်သော အလျား (ပေ၂၀xအနံပေ ၆၀) အကျယ်အဝန်းရှိသော ဦးမြင့်စိန် အမည်ပေါက် မြေချပါမစ် မြေကွက်(၁)ကွက်၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်စန္ဒာ(၁၂/မရက(နိုင်)၀၁၇၄၇၈)မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇျာန်(LL.B) (စဉ်-၅၀၄၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၇၉)၊ ဦးပိုင်အမှတ် (၅၂)၊ ၁၂၀ လမ်း၊ ၄၈(A) လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူထိန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၃၄၈/၂၀၁၂)ဖြင့် ပေးကမ်းခြင်းကို ဒေါ်ခင်ပြုံးရီက လက်ခံခဲ့ပြီး၊ ဒေါ်ခင်ပြုံးရီထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြမြစိမ်း ၁၃/တကန(နိုင်)၀၀၁၀၃၄က အမှုတွဲအမှတ် ၇၄၈၃/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်ဦးစိန်ကျော်ဝင်း(ကိုယ်ပိုင်အမှတ်-၈၈၉၁၃၇) ၁၃/ခလန(နိုင်)၀၀၅၀၀၉နှင့် ဒေါ်အိအိမွန် ၁၃/ရစန (နိုင်)၀၇၂၆၁၈တို့သည် ၂၃-၅-၂၀၀၅ ရက်က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းလာရာမှ ဒေါ်အိအိမွန်သည် ၂၀၁၇ခုနှစ်တွင် အတူနေထိုင်ရာမှထွက်ခွာသွားပြီး ယနေ့အချိန်ထိ ခင်ပွန်းဖြစ်သူအား စွန့်ပစ်ထားခဲ့ပါသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ စွန့်ပစ်ခံရသူ၏ ဆန္ဒအရ လင်မယားကွာရှင်းပြတ်စဲနိုင်သဖြင့် လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းကို ၂၃-၂-၂၀၂၄ ရက်မှစ၍ ဒေါ်အိအိမွန်နှင့်အများ သိစေရန်ကြေညာလိုက်ပါသည်။

**တပ်ကြပ်ကြီးစိန်ကျော်ဝင်း**
**(ကိုယ်ပိုင်အမှတ်-၈၈၉၁၃၇)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်(ယခင်ပျဉ်းမနားမြို့နယ်)၊ အောင်ဇေယျစံပြကျေးရွာ၊ မြေကွက်အမှတ်(၁၄၀)၊ အကျယ်အဝန်း အလျား(ပေ၆၀)၊ အနံ(ပေ၆၀)ပေါ်ရှိ ဒေါ်ခင်မြို့(ဘ)ဦးခွေးပု (၉/ပမန(နိုင်)၁၀၅၈၀၅) အမည်ပေါက် ပျဉ်းမနားမြို့၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ စာအမှတ် ၅/၄၃/၂၈/ ဦး ၆(၂၄၆)ဖြင့် ထုတ်ပေးထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစောမောင်(ဘ) ဦးအောင် ကျော်ဇံ (၁၂/လကန(နိုင်)၁၇၆၂၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇာကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၉၉)**
**အမှတ်(၆)၊ အနော်ရထာရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၂၂၀၁၀၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၇၀၃/ခ)၊ အကျယ်အဝန်း အလျား ပေ၃၀၊ အနံပေ ၅၀၊ စတုရန်းပေ (၁၅၀၀)ရှိသော မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်တို့အား ယခုလက်ရှိပိုင်ဆိုင် သော ဦးဘုန်းနိုင်ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကျွန်ုပ်ထံသို့ ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ပြုလုပ်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝတ်ရည် LL.B,D.B.L,D.M.L, WIPO(Swit)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၀၆၈)**
**အမှတ်(၇၃၉)၊ ရွှေပင့်ကူလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၄၅၉၇၁၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၂၀) မြေကွက်အပေါ်ရှိ(၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အုံမှ အခန်းအမှတ်(A-2)၊(၂)လွှာ၊ ပထမထပ်၊ (ခေါင်းရင်းခန်း)၊ (၂၀'x၆၀')ပေရှိ ဒေါ်ရွှေစင်မွန်(၁၂/တမန(နိုင်)၀၇၅၂၀၆) ပိုင်ဆိုင်သောတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်သူရ (L.L.B, D.B,L.D.I.R)၊ (စဉ်-၁၆၄၅၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၃)၊ ကင်မွန်းခြံလမ်းသွယ်၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၉၂၉၂၀၇၁၆၊ ၀၉-၄၂၁၀၃၈၉၂၆**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်နွဲ့နွဲ့စန်း(ဘ)ဦးထွန်းငြိမ်း ၉/နထက(နိုင်)၀၃၇၃၂၉မှ ကလောမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၂၀၂၂ ဒီဇင်ဘာ(၁၃)ရက်စွဲပါ စာချုပ်အမှတ် ၃၇၁ ဖြင့် ဦးရန်နိုင်စိုး(ဘ)ဦးစိုးတင့် ၁၂/ဥကမ(နိုင်)၁၉၂၉၃၀ သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၁-၃-၂၀၂၄ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့စန်း ၉/နထက(နိုင်)၀၃၇၃၂၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ပ-၉၊ ဦးပိုင်အမှတ် (၂၁)၊ ၅၉x၆၀ ကြား၊ ၃၆x၃၇ လမ်းကြားရှိ ရဲမှူးကြီးတင်အောင်အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ရန်ရင်လန့်က တရားပြိုင် ဦးတင်အောင် (၎င်း၏ SP ရသူ ဦးရန်ကျိန်ချန်း(ခ)ကျော်လှိုင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၄/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ရန်ရင်လန့် ၁၃/ကခန(နိုင်)၁၂၈၆၉၅က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာ တမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၀၊ ဦးပိုင်အမှတ်(၆၄)/၅၀ X၅၁ကြား၊ ၁၀၇X၁၀၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်သားသိမ်းမြင့် MMO-၃၇၆၃၈၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆/၁၉၉၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းခိုင် MGN-၁၉၀၄၀၆ ကတော ဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၇)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ(A)၊ (ခေါင်းရင်းခန်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်း ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဌေး ၁၂/လသယ(နိုင်)၀၀၆၀၅၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အိမ့်သူခင် ၁၀/ရမန(နိုင်)၂၀၃၁၉၃၊ ဒေါ်ဆွေဆွေဝင်း ၁၀/ရမန(နိုင်)၀၀၄၆၁၁တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၁၈၆/က)၊ ဧရိယာ ပေ(၂၀X၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၆/က)၊ ရတနာပုံ(၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြရင် ၁၂/သကတ(နိုင်)၀၂၃၇၀၆ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်မြရင် ၁၂/သကတ(နိုင်)၀၂၃၇၀၆ အပေါ်တရားပြိုင်ထားကာ ဒေါ်ပြုံးမှတရားလိုပြုလုပ်၍သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၆၀/၂၀၂၂ဖြင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂အရ ကတိနှင့်ပဋိညာဉ် အတိုင်းဆောင်ရွက်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂- ၁-၂၀၂၃)ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ် ၃/၂၀၂၃ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့် (၁-၃-၂၀၂၃)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံးမှ(၁-၃-၂၀၂၃)ရက်စွဲပါစာအမှတ် ၁၆၆/ဇာရီ- ၃/၂၀၂၃ဖြင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ် ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဒေါ်မိုးပပမျိုး(၁၂/ဥကတ(နိုင်)၁၄၈၈၅၇)မှ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားစာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်မိုးပပမျိုးမှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ အဆိုပါမြေကွက်၏ မြို့မြေစာရင်း မှတ်ချက်(၁)တွင် ဝင်စာအမှတ်-၁၉၉၈၇/၁၀-၁၁-၂၀၁၄အရ ဦးဘမောင်မှ ကန့်ကွက်စာ တင်ပြထားကြောင်း မှတ်သားထားမှုနှင့်ပတ်သက်၍ တရားနိုင်ဒေါ်ပြုံးမှ (၁၆-၁-၂၀၂၄)ရက်စွဲပါ ဝင်စာအမှတ်- ၅၆၆/၂၀၂၄ဖြင့် ဂရန်အမည်ပေါက် ဒေါ်မြရင်ထံမှ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး အမည်ပေါက် ဒေါ်မြရင်မှ ဂရန်အမည်ပြောင်းရန်လိုက်ပါ ကူညီဆောင်ရွက်ပေးခြင်းမရှိသဖြင့် သာကေတမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၆၀/၂၀၂၂) ဖြင့် အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် - ၃/၂၀၂၃ဖြင့်(၁-၃-၂၀၂၃)ရက်စွဲပါ ဘီလစ်ခန့်စာဖြင့် အရောင်းမြေပုံကူး လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ဂရန်အမည်ပေါက် ဒေါ်မြရင်ထံမှ တိုက်ရိုက်ဝယ်ယူလက်ရောက်ရရှိခဲ့ခြင်းဖြစ်ပြီး ကန့်ကွက်သူ ဦးဘမောင်အား လုံးဝသိရှိပတ်သက်ခြင်းမရှိပါကြောင်း တရားနိုင်ဒေါ်ပြုံးကိုယ်တိုင်ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာပူးတွဲ၍ တင်ပြလာပါသဖြင့် တရားရှုံးကိုယ်စားတရားရုံး ဘီလစ်ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ဈ၊ ဦးပိုင်အမှတ်(၄၅)/ ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ ဗိုလ်မှူးတင်စိုး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးဇော်သိန်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဟိန်းဇေယျာဖြိုးမင်းထွန်း)က တရားပြိုင် ဗိုလ်မှူးတင်စိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၂/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဟိန်းဇေယျာဖြိုးမင်းထွန်း ၉/မဟမ(နိုင်) ၀၀၀၀၇၀ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင် နေထိုင်သူ ဒေါ်မြင့်မြင့်ကြည်(ခ) ဒေါ်ဝါဝါ ဝင်း(ဘ)ဦးမောင်မောင်လေး ၉/မဟမ(နိုင်)၀၄၂၇၄၇၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ၅၂ x ၅၃ (၁၀၃)လမ်း၊ အမှတ်-၄/၆၉တွင် နေထိုင်သူ ဦးမောင်စိုး ၄၀နှစ်(ဘ)ဦးမြင့်သန်းသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ဝါဝါဝင်းအား လုပ်ကိုင်ကျွေးမွေးမှုမရှိဘဲ အိမ်ထောင်ရေးပြစ်မှုများ ကျူးလွန်ကာ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်းက ၎င်း၏ သဘောဆန္ဒအလျောက် ထွက်ခွာသွားခဲ့ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ဝါဝါဝင်းသည် ဦးမောင်စိုးနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိသည်မှာ ၂၀၂၃ခုနှစ်၊ ဧပြီလမှ ယနေ့အချိန်အထိ ဖြစ်ပါသည်။ထို့ကြောင့် ဦးမောင်စိုးလုပ်ကိုင်ဆောင် ရွက်နေသည့် စီးပွားရေးလုပ်ငန်းအပြင် အခြားဆောင်ရွက်နေသည့် ကိစ္စအဝဝအား ကျွန်ုပ်၏ မိတ်ဆွေဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ဝါဝါဝင်းမှ သိရှိခြင်းမရှိပါကြောင်းနှင့် ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားများချက်အရ-**
**ဦးအောင်ဇော်ဦး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၄၀)**
**ရေဆင်း၊ဇေယျာသီရိမြို့၊ဖုန်း-၀၉၄၀၀၅၀၂၆၈၂**

## "အကြင်လင်မယားအဖြစ်မှ ပြတ်စဲလို၍ စွန့်ပစ်ထွက်ခွာပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၃)လမ်း၊ တိုက်(၆)၊ မှန်ခန်း(ဘီ) (ဝဲဘက်) (လက်ရှိလိပ်စာ)တွင် နေထိုင်သူ ဒေါ်ဥမ္မာမြင့် ၁၂/သဃက(နိုင်)၀၃၄၀၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ-ဒေါ်ဥမ္မာမြင့် နှင့် ဦးသုတဖေ(အငြိမ်းစား)၉/မထလ(နိုင်)၁၉၆၈၆၁၊ တိုက်(၄၈)၊ အခန်း(၂)၊ ပေါ်ဆန်းမွှေးလမ်း၊ (၂၉)ရပ်ကွက်(သုဝဏ္ဏ)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူတို့သည် လွန်ခဲ့သော(၁၇-၂-၁၉၈၉)ရက်ကပင် မိဘများသဘောတူညီချက်အရ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ သား/သမီး (၂) ဦးတို့လည်း မွေးဖွားခဲ့ပါသည်။

ဒေါ်ဥမ္မာမြင့်နှင့် ဦးသုတဖေတို့သည် နိုင်ငံဝန်ထမ်းများဖြစ်၍ တာဝန်အရနိုင်ငံအတွင်း လှည့်လည်တာဝန်ထမ်းခဲ့ပြီး တာဝန်မှအနားယူကြပြီးနောက် အထက်ပါ ရန်ကုန်မြို့၊ တိုက်(၄၈)၊ အခန်း(၂) ပေါ်ဆန်းမွှေး လမ်းနေအိမ်(ဒေါ်ဥမ္မာမြင့် အမွေရတိုက်ခန်း)တွင် မိသားစုအမြဲနေထိုင်ခဲ့ကြပါသည်။

ထိုကာလအတွင်း ဒေါ်ဥမ္မာမြင့်သည် အသည်းရောဂါ၊ နှလုံးရောဂါနှင့် သည်းခြေတွင် ကျောက်တည်ခြင်း ရောဂါများ ခံစားလာရသဖြင့် အထူးကုသမားတော်ကြီးများဖြင့် ကုသမှုခံယူ၍နေရသဖြင့် ညီမဖြစ်သူကိုလည်း ပြုစုစောင့်ရှောက်နိုင်ရန် နေအိမ်တွင် ခေါ်ထားခဲ့ရပါသည်။ နာမကျန်းဖြစ်နေသူ ဒေါ်ဥမ္မာမြင့်အား ခင်ပွန်းဖြစ်သူသည် ကူညီစောင့်ရှောက်မှု မပြုဘဲ အမြဲလိုပင် မူးယစ်စော်ကားပြောဆိုပြုမူမှုများ ပြုလုပ်နေသည့်အပြင် ဇနီးသည် ဒေါ်ဥမ္မာမြင့် နှင့် ဆက်လက်မပေါင်းသင်းလိုတော့ကြောင်း ကွာရှင်းလိုကြောင်း အမြဲလိုပြောဆိုနေသဖြင့် စိတ်ဆင်းရဲပြီး စိတ်ထိခိုက်နာကျင်ခဲ့ရပါသည်။

ထို့ပြင် သမီးငယ်ဖြစ်သူအပေါ်တွင်လည်း ဒေါသတကြီးဖြင့် ရိုက်နှက်ခဲ့ခြင်း လာရောက်ကူညီစောင့်ရှောက်နေသူ ဒေါ်ဥမ္မာမြင့်၏ ညီမကိုလည်း စော်ကားပြောဆိုပြုမူမှုများ ပြုလုပ်ခဲ့သည့်အပြင် ဒေါ်ဥမ္မာမြင့်၏ အကျင့်သိက္ခာကိုပါ ထိခိုက်စေသော စကားရပ်များကို မူးယစ် ပြောဆိုခဲ့သောကြောင့် စိတ်ထိခိုက်နာကျင်ပြီး အမြဲလိုပင်မပျော်ရွှင်နိုင်သည့်ဘဝဖြင့် ကိုယ်စိတ်ထိခိုက် ခံစားနေရပါသည်။

ထို့ကြောင့် ဒေါ်ဥမ္မာမြင့်သည် အတူနေထိုင်ရာ အထက်ပါ နေအိမ်မှ (၅-၂-၂၀၂၄)ရက်ကပင် လင်ခန်းမယားခန်း ပြတ်စဲစေရန် ရည်ရွယ်ချက်ဖြင့် စွန့်ပစ်ထွက်ခွာလာခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ အကြင်လင်မယားအဖြစ်မှ ပြတ်စဲစေရန် ရည်ရွယ်ချက်ဖြင့် စွန့်ပစ်ထွက်ခွာခဲ့ပြီးဖြစ်၍ ဦးသုတဖေအနေဖြင့် ဒေါ်ဥမ္မာမြင့်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သို့မျှဆက်သွယ်ခြင်း၊ တစ်စုံတစ်ရာနှောက်ယှက်ခြင်း မပြုပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုပါက အတူရှာဖွေရရှိခဲ့သော ပစ္စည်းများအားအညီအမျှ ခွဲဝေရယူရန် အသင့်ရှိကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ လုပ်ဆောင်ဖွယ်ရှိသည်တို့ကို သတ်မှတ်ကာလအတွင်း ဦးသုတဖေက လုပ်ဆောင်မည်ဆိုပါက အဆင်ပြေစွာ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတက်ဝင်းမြိုင် (စဉ်-၁၉၅၃/၈၀) B.A (LAW).,LL.B.**
**(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)**

| | |
|---|---|
| **ဒေါ်သီသီလှိုင်** | **ဒေါ်ထွေးဆုပိုင်စိုး** |
| **(စဉ်-၁၄၆၁၈) LL.B.,D.M.L.** | **(စဉ်-၁၆၃၀၈) LL.B.,LL.M.** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ဒေါ်ခင်သန္တာကျော်** | **ဒေါ်ကျော့ကျော့စံ** |
| **LL.B (စဉ်-၅၃၆၂၆)** | **LL.B(စဉ်-၅၃၃၅၃)** |

**(အထက်တန်းရှေ့နေများ)**
**အမှတ် ၁၀/၁၂၊ ပထမထပ်၊ ၃၅လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၅၄၃၃၃၀၁၈ ၊ ၀၉- ၉၆၆၈၁၁၉၁၇**

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက် ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများအား မျက်မြင်မြေပြင်ရှိအနေအထားအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် လပွတ္တာမြို့နယ်လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိမြေ(၃၇' X ၄၆') (၀. ၀၄၈)ဧကနှင့် မြေပေါ်ရှိ(အလျား၃၇' X အနံ ၄၆' X အမြင့် ၅၅')အုတ်ခင်းအုတ်ကာသွပ်မိုး(၄ထပ်၅လွှာ)အဆောက်အအုံနှင့်မြေ

၂။ လေလံလျှောက်လွှာ ရောင်းချမည့်ရက် - ၃- ၃- ၂၀၂၄ရက် မှ ၇-၃- ၂၀၂၄ရက်
လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - ၇- ၃- ၂၀၂၄ ရက်၊ (၁၆:၀၀)နာရီ
လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရွှေစေတီလမ်းနှင့်ကုန်သည်လမ်းထောင့်၊ပုသိမ်မြို့

၃။ အာမခံစပေါ်ငွေအဖြစ်သက်ဆိုင်ရာလေလံအဖွဲ့မှသတ်မှတ်သောပမာဏကို လေလံတင်ထုခွဲရောင်းချရေးအဖွဲ့(သို့)သက်ဆိုင်ရာသမဝါယမအသင်း၏ CB BankAccount ပေးသွင်းစေပြီး လေလံမဖွင့်ခင်တစ်ရက်အလို လေလံလျှောက်လွှာ ပိတ်သိမ်းသည့်(၁၆:၀၀)နာရီနောက်ဆုံးထား၍ယင်းအထောက်အထားမူရင်းအားသက်ဆိုင်ရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံစေရန်နှင့် အာမခံစပေါ်ငွေပေးသွင်းထားသည့်အထောက်အထားမူရင်းအပ်နှံသူသာ လေလံပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၄။ အိတ်ဖွင့်လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက် အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းသည့်(၇-၃-၂၀၂၄)ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ လေလံပုံးအ တွင်းသို့ထည့်သွင်းရမည်။ လေလံလျှောက်လွှာ ပိတ်သိမ်းပြီးသည့်နောက်နေ့(၈-၃-၂၀၂၄)ရက် ၁၀နာရီတွင်အိတ်ဖွင့်လေလံ ဖွင့်လှစ်ရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (၀၉-၅၂၀၁၄၁၉၊ ၀၉-၈၅၅၀၅၈၇၊ ၀၉-၅၂၀၂၁၇၉၊၀၉-၄၂၂၄၇၇၆၀၄၊ ၀၉-၄၂၂၅၄၅၈၇၄)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/98723 ယာဉ်လက်ဝယ်ရှိသူ စောလားထူး ၇/ကတခ(နိုင်)၀၈၄၀၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/10591 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၇/အတန(နိုင်)၀၃၇၉၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၅)လမ်း၊ အမှတ်(၁၇၂) မြေအကျယ် ၄၀ x ၆၀ ပေ ပေါ်ရှိ ၆ ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာခြေရင်းခန်း (၁၇ပေ x ၅၄ပေ)ကို ပိုင်ရှင်ဖြစ်သူ ကိုကောင်းပြည့်စုံဦး ၁၂/ဥကတ(နိုင်) ၁၉၄၀၈၅ထံမှ ကျွန်ုပ် ဦးဇော်မျိုးထွန်း (၁၂/သဃက(နိုင်)၀၀၅၀၇၂) မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မျိုးထွန်း**
**၁၂/သဃက(နိုင်) ၀၀၅၀၇၂**
**ဖုန်း-၀၉-၇၇၈၅၀၇၈၇၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အလယ်ကုန်းရပ်ကွက်၊ ဗိုလ်စိန်မှန် လမ်းရှိ ကွင်းအမှတ်-N၊ ကွင်းအမည်-ရေလဲရပ်၊ ဦးပိုင်အမှတ်-၁၄၄၇၊၁၄၄၉၊ မြေမျိုးနှင့်အတန်း-မြို့မြေ၊ မြေဧရိယာ၀ဒသမ ၁၁၀ ဧကရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးထွန်းလှိုင် TRY-၀၄၅၁၆၆ ထံမှ ဒေါ်ခင်ဝင်းမြင့် ၇/သဝတ(နိုင်)၀၁၃၉၃၇ က ၂၀၀၂ ခုနှစ်တွင် ဝယ်ယူခဲ့ပြီး လူနေအိမ်ဆောက်လုပ်ကာ လက်ရှိထားနေထိုင်၍ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကြေညာအပ်ပါသည်။ သို့ပါ၍ ဒေါ်ခင်ဝင်းမြင့်က လက်ရှိထားနေထိုင်ပိုင်ဆိုင်ခွင့်ရှိသည်ကို ကန့်ကွက်လိုလျှင် ခိုင်လုံသောစာရွက်စာ တမ်းအထောက်အထား(မူရင်း)ဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မြေငှား ဂရန်လျှောက်ထားခြင်းကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ခင်ဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်ဝင်းမြင့်** | **ဒေါ်အိအိလွင် (LL.B)** |
| **(၇/သဝတ(နိုင်)၀၁၃၉၃၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၀၈)** |
| | **အမှတ်(၄၈၆)၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၇၉၉၃၇၁၉၂၂** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်(၁-၄-၂၀၂၄ မှ ၃၁-၃-၂၀၂၅ရက်နေ့အထိ) နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနရှိ အောက်ပါကျန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်(၁)ခု၏ လုပ်ပိုင်ခွင့်များအား ဈေးပြိုင်စနစ်ဖြင့် တတိယအကြိမ် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်အမည် | အာမခံငွေ(ကျပ်) |
|---|---|---|
| (က) | သာဝတ္ထိနွားပွဲဈေးဝင်ကြေးကောက် | ၁၂,၅၀၀,၀၀၀/- |

၂။ ဈေးပြိုင်စနစ်ဖြင့် တတိယအကြိမ် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) နေ့ရက် - (၁၁-၃-၂၀၂၄)ရက် (တနင်္လာနေ့)
(ခ) အချိန် - နံနက် (၁၀:၀၀)နာရီ၊
(ဂ) နေရာ - ဈေးများဌာနအစည်းအဝေးခန်းမ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ။
(ဃ) လျှောက်လွှာ ပိတ်မည့်ရက် - (၇-၃-၂၀၂၄)ရက်၊ကြာသပတေးနေ့) ညနေ(၃:၃၀)နာရီ

၃။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း အခမဲ့ရယူလျှောက်ထားနိုင် ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဃ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၁၃၊ ဦးပိုင်အမှတ် (၆၈)/လမ်း ၆၀စီလမ်း၊ ၁၁၆X၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းရီ ၉/မရမ(နိုင်)၀၄၄၀၅၅ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၄၉၁၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်းသိန်း ၉/အမရ(နိုင်)၀၁၂၂၀၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၄၊ ဦးပိုင်အမှတ် ၇၃-က၊ ၈၇လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းညွန့် ၉/မနတ(နိုင်)၀၁၉၅၄၁က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၄၊ ဦးပိုင်အမှတ် (၉၄)/ ၁၀၃လမ်း၊ ၅၆(ဘီ)လမ်းထောင့်ရှိ ဗိုလ်မှူးသိန်းရွှေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမောင်မောင်ဝင်း၊ ဒေါ်တင်တင်ကျော်တို့က တရားပြိုင် ဗိုလ်မှူးသိန်းရွှေ အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမောင်မောင်ဝင်း ၉/ပသက(နိုင်)၀၁၆၃၁၄၊ ဒေါ်တင်တင်ကျော် ၉/ပသက(နိုင်)၀၁၆၃၁၅ တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်(၂၃၄/ခ)၊ အကျယ်အဝန်း (ပေ၂၀xပေ ၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်လှကြည် (ISN ၁၅၀၈၂၇) အမည်ဖြင့်ရရှိထားသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်-၂၃၄/ခ ဟုခေါ်တွင်သည့် အဆောက်အအုံနှင့် သီးပင်စားပင် အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိ၍ ရောင်းချခွင့် ရှိသည်ဟု ဆိုသူများဖြစ်ကြသော ဦးလှခင် (၁၂/သဃက(နိုင်)၀၂၇၉၂၇)၊ ဦးအောင်မင်းပိုက် (၁၂/သဃက(နိုင်)၀၃၉၄၇၁)၊ ဒေါ်အေးအေးဆင့် (၁၂/သဃက(နိုင်)၁၅၁၈၉၃)၊ ဦးသန်းဦး (ISN ၅၂၀၈၇၇)၊ ဒေါ်မိမိလေး (၁၂/ဒဂတ(နိုင်)၀၉၄၉၂၉)၊ ဦးသူရဝင်း (၁၂/သဃက(နိုင်)၁၅၉၄၀၂)၊ ဒေါ်ယမင်းသူ (၁၂/သဃက(နိုင်)၁၈၂၄၃၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်ဝင်း(၁၂/သဃက(နိုင်)၁၃၇၃၀၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အထက်ပါရောင်းချသူများ၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသူဇာအောင် (တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃))**
**သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊ သဃ်န်းကျွန်းမြို့နယ်တရားရုံး၊**
**ဖုန်း -၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၂) ရပ်ကွက်၊ အမှတ် 6B6/ ဝန်ထမ်းအိမ်ရာနေ ဦးသိန်းစိုး ၈/သရန(နိုင်)၀၀၁၀၃၀-ဒေါ်ခင်မျိုးဝင်း ၁၂/သကတ(နိုင်) ၁၃၆၁၉၀ တို့၏ သမီးမအိချိုဇင်ဝင်းအား ယနေ့မှစ၍ မသွန်းထက်စံ ဟု ပြောင်းလဲခေါ်ပါရန်။

**မသွန်းထက်စံ**

## အမည်အမှန်နှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်နေ ကျွန်တော် ဦးမောင်မြင့်၏အမည်မှန်မှာ ဦးမောင်မောင်မြင့် ၇/ မလန(နိုင်) ၀၄၀၉၂၂ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၀-၇-၁၉၆၄ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈရပ်ကွက်၊ အကွက်အမှတ် H-၂၃၃၊ H-၂၃၄၊ H-၂၃၅၊ ဦးပိုင်အမှတ်(H-၂၃၄-ခ)/ ၅၁x၅၂လမ်းကြား၊ ၁၃၆x၁၃၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော Mandalay Royal Industrial Co.,Ltd ကိုယ်စားဒါရိုက်တာ ဦးသိန်းလှ ၉/ မရတ(နိုင်) ၀၇၈၃၅၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၅၇၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသော ဘဏ်ခွဲတာဝန်ခံ ဧရာဝတီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် မန္တလေးဘဏ်ခွဲ(၄) /ကိုယ်စား ဒေါ်လဲ့လဲ့ဌေး ၉/နထက(နိုင်)၁၄၀၆၄၁ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန် အတွက်မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉/က၊ ဦးပိုင်အမှတ် ခ/၄၀/ လမ်းသွယ် (၂)၊ ထိန်ကုန်းကွက်သစ်ရှိ ဒေါ်ကြူကြူဝင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမြင့်သန်းဦးက တရားပြိုင် ဒေါ်ကြူကြူဝင်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၃၉/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမြင့်သန်းဦး ၉/အမရ(နိုင်)၀၈၉၇၇၇ က တောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၅၅)၊ ဦးပိုင်အမှတ် ၁.က(ခဲစင်း) အနောက်တောင်ထောင့်၊ ၅၁x၅၂လမ်း၊ ရွှေလုံဗိုလ်xပန်းဘဲမင်းကြီးလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြဝင်း ၁၄/ဟသတ(နိုင်)၀၁၁၀၁၁ ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၁၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးချမ်းအေး ၉/မဟမ(နိုင်) ၀၀၅၂၆၃ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊အောင်မေတ္တာရပ်၊ ကွင်းအကွက်အမှတ်နှင့်အမည်(၁၆၅၅/အုတ်ဖို)၊ (၁၂)လမ်း၊ ဦးပိုင်အမှတ်(၃၄၃)၊ (၀.၀၆၀ဧက)အကျယ်အဝန်းရှိ ဗိုလ်မှူးခင်မောင်မြင့် အမည်ဖြင့်မြေငှားဂရန်ရရှိထားသော ဝိုင်းမြေကွက်နှင့် ဝိုင်းမြေကွက်အတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးလှဦး ၈/ပဖန(နိုင်)၀၀၀၅၉၄က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသီတာ ၈/မကန (နိုင်)၁၅၃၅၀၀မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍(၁၄) ရက် အတွင်း လာရောက်ကန့် ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်လှိုင် LL.B, WIPO(Switzerland )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၉)**
**အမှတ်(၃၅၄)၊ (၆)လမ်း၊ အောင်စေတနာ(က)ရပ်၊ မကွေးမြို့၊ ဖုန်း-၀၉-၄၀၁၅၆၀၀၂၀**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ရွှေချီ(၈)လမ်း၊ အိမ်အမှတ်(၅/၃၂)တွင် နေထိုင်သော ဦးဉာဏ်လင်း ၉/ပမန(နိုင်)၂၄၆၇၇၁ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာ၊ အိမ်အမှတ်-၃၈၁ တွင် နေထိုင်သူ ဒေါ်ဗွန်ပွင့်ဖြူ ၁၂/လကန(နိုင်)၂၀၀၃၃၆တို့သည် အကြင်လင်မယားအဖြစ် (၁၇-၉-၂၀၂၀)ပြည့်မှစတင်၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ဒေါ်ဗွန်ပွင့်ဖြူသည် ဦးဉာဏ်လင်းအလုပ်တာဝန်ဖြင့် ပင်လယ်ရပ်ခြားသို့ ရောက်ရှိနေခိုက်တွင် ဦးဉာဏ်လင်းနှင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောဆို၍ ဧရာဝတီဘဏ်တွင် စုဆောင်းအပ်နှံထားသော လင်မယားနှစ်ဦးပိုင် ငွေကျပ်သိန်း(၁၇၀)ကျော်အား ယူဆောင်ပြီး ဦးဉာဏ်လင်း၏ သဘောတူခွင့်မပြုချက်မပါဘဲ UAE နိုင်ငံ ဒူဘိုင်းမြို့သို့ ၎င်းသဘောအလျောက် ထွက်ခွာသွားခဲ့ပါသည်။ ယင်းကြောင့် ဦးဉာဏ်လင်းမှ ဒေါ်ဗွန်ပွင့်ဖြူအား ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ဒေါ်ဗွန်ပွင့်ဖြူနှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်ချို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၃၀/၉၁)**
**အမှတ်(၁၂/၂၃)၊ မနောသုခလမ်း၊ မကျည်းတောရပ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၂၆၂၆၉၀၀၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ဟိုတယ်ဇုန်အနောက် ရပ်)၊ မြေကွက်အမှတ်(MH-၆၊ MH-၇)၊ မြေဧရိယာ(၁၀)ဧကရှိ ဦးနေဝင်း( ဘ )ဦးပါတွက် ၁၂/စခန (နိုင်)၀၀၉၂၆၈ အမည်ပေါက်မြေကွက်အား ဦးနေဝင်းထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၁၀၆၁/၂၀၀၉)၊ (၃၀-၁၁-၂၀၀၉) ရရှိထားသူ ဒေါ်ဂျင်မီ(ဘ)ဦးဘိုဘိုပါ ၁၄/ပသန(နိုင်)၁၄၆၂၇၈ မှ မြေကွက်နေရာချထားပေးသည့် အကြောင်းကြားစာမိတ္တူ၊ မြေတန်ဖိုးငွေသွင်းချလန်မိတ္တူ၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ (၁၁၀၆၁/၂၀၀၉)၊ (၃၀-၁၁-၂၀၀၉) မူရင်းတင်ပြ၍ ဦးနေဝင်းအမည်ဖြင့် မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်၊ လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်- (၁၇၇၃)၊ (ပေ ၄၀xပေ ၆၀)ရှိပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန(မြို့ မြေစာရင်း)တွင် ဦးကျော်ငြိမ်း(၁၂/ကတန(နိုင်)၀၅၆၅၈၄)အမည်ဖြင့် မှတ်သားတည်ရှိပြီးအဆိုပါမြေကွက်မှ အမှတ်(၁၇၇၂)နှင့်ကပ်လျက်ရှိသော (ပေ ၂၀xပေ ၆၀)အကျယ်ရှိ မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက် ဝယ်ထားရှိသူ ဒေါ်မြင့်မြင့်ထွေး(၁၂/ဒဂတ(နိုင်)၀၉၄၉၂၅)က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးသန့်စင်ဦး (၇/တငန(နိုင်)၂၂၇၈၇၈)က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ - ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်၊ နယ်မြေ(၁)၊ မျှော်လင့်(၁)ရပ်ကွက်၊ မျှော်လင့်လမ်း၊ အိမ်အမှတ်(၆၃)နေ (ဘ) ဦးစည်သူနိုင် ၏သမီး မထည်ဝါသူ ၁၀/မလမ(နိုင်)၃၀၆၉၈၁၏ နိုင်ငံကူး လက်မှတ်အမှတ် MD 707055 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉- ၉ ၇၉၄၅၆၆၉၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၈၆၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၉)၊ ဦးပိုင်အမှတ် (၅၂)၊ ၆၃x၆၄ကြား၊ ယောမင်းကြီးနှင့် ဖိုးရာဇာလမ်းကြားရှိ ဒေါ်ခင်ကြည် အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၃၂၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ကြည်ကြည်သန်း(ခ)စီလာ ၉/မနမ(နိုင်)၀၈၃၀၁၆၊ ဒေါ်ဆူနီသားဒေဝီ ၉/မမန(နိုင်)၀၈၉၂၀၉၊ ဒေါ်ခင်လေးမြင့် ၉/မနတ(နိုင်)၀၉၄၉၆၄၊ ဒေါ်တေဘီ (WMDY-၂၉၈၄၇၉)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၇/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မြတ်သူ ၉/မနမ(နိုင်)၁၀၅၂၂၈ က တောဂရန်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မ အနောက်ရပ်၊ လူနေ ရပ်ကွက်အမှတ် ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၀၈၇)၏ နှစ်(၃၀) မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက် အမည်ပေါက် ဦးသန့်လွင်အောင်(ဘ)ဦးအောင်သိုက် ၁၄/မအပ(နိုင်)၀၀၅၈၅၂ (တရားရှိုး) ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘိလစ်စာရေး ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၂၉/၂၀၂၃)၊ တရားမဇာရီမှုအမှတ် (၂၄/၂၀၂၃)တို့တင်ပြ၍ လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူ မရှိသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလက ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ် ပုဗ္ဗသီရိ/သစ်-၃၇၇/၂၀၀၉-၂၀၁၀၊ ဦးသန့်လွင်အောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉**

ဒေါ်ချယ်ရီစန်း နှင့် ဦးကျော်မြင့်
ဦးတင်မောင်ထွေး

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ပပ- ၄၉)၊ (ဦးပိုင်အမှတ်-၄)၊ (ဈ)ရပ်ကွက်နေ ဦးကျော်မြင့်(ဘ)ဦးအုန်းဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

